# “ဥပုသ်နေ့နဲ့သစ္စာပျက်မှု”

ဇူလိုင်လ(၆)ရက်၊ တင်ပြသူ-Ursula Leslie, Dominica နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

*ဒီအပတ် ကမ္ဘာ့သာသနာသတင်းဟာ ဒိုမီနီကာ နိုင်ငံရဲ့မြို့တော် **Roseau** မှာရှိတဲ့ **Ebenezer** သတ္တမနေ့မြော်လင့်ခြင်း မူလတန်းကျောင်းရဲ့အကြောင်းဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်မှာ၊ ဖွင့်လှစ်ခဲ့တဲ့ ဒီကျောင်းဟာ ကျွန်းပေါ်ကအခြေခံမူလတန်းကျောင်း ၆၂ ကျောင်းထဲက အကောင်းဆုံး ၁၀ ကျောင်းထဲမှာ ပါဝင်တာဖြစ်ပါတယ်။ ဒါပေမဲ့၊ ကျောင်းအဆောက်အအုံဟာ သူငယ်တန်းကနေ စတုတ္ထတန်းအထိ ကျောင်းသားအယောက် ၁၆၀ နဲ့ လူပြည့်ကျပ်နေခဲ့ပါတယ်။ အဆောက်အအုံတန်း ၄၀ ခုထဲမှာရှိတဲ့၊ တစ်ခြားအဆောက်အအုံမှာ ၄ တန်း ကျောင်းသားတွေက စာသင်ခဲ့ရပါတယ်။ မိဘတွေဟာအဲဒီကျောင်း မှာ သူတို့ရဲ့ကလေးတွေကို ပညာသင်စေချင်ကြပေမဲ့၊ စာသင်ခန်းမရှိတော့ပါ။ ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့်ပိုပြီးတော့ကျယ်ပြန့်တဲ့ ကျောင်းအသစ်တစ်ဆောင် ဆောက်လုပ်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။*

*ကျောင်းသားနှစ်ယောက်တို့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုကို နားဆင်ကြည့်ကြပါစို့။*

Suzanne အနေနဲ့ Ebenezer သတ္တမနေ့မြော်လင့်ခြင်းအသင်းတော် မူလတန်းကျောင်းမှာ စာတော်ခဲ့ပါတယ်။သူ့မိဘတွေဟာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကို အဲ့ဒီကျောင်းမှာပဲ ပြန်တက်စေချင်လို့ သူမကိုကျောင်းသို့ပြန်ပို့ခဲ့ကြပါတယ်။

ဒါပေမဲ့ သူမ ၄ တန်းမှာ ပညာသင်ကြားတဲ့အခါ၊ အဖေကမကျေနပ်လို့ ကျောင်းအုပ်ဆရာကြီးကို ဖုန်းခေါ်ပြီး၊ “ကျွန်တော့်မှာပြဿနာတစ်ခုရှိတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

လွန်ခဲ့တဲ့စနေနေ့မှာ၊ အသက် ၉ နှစ်အရွယ်ရှိတဲ့ သူ့သမီး Suzanne ကို ပန်းကန်ဆေးခိုင်းလိုက်တော့၊ “ဒီနေ့ဟာဥပုသ်တော်နေ့ဖြစ်လို့ ကျွန်မ ပန်းကန်မဆေးနိုင်ဘူး” ဆိုပြီး သူမက ငြင်းဆိုခဲ့ပါတယ်။

အဖေအနေနဲ့ အံ့အားသင့်ခဲ့ပြီး သိပ်မကြာခင်မှာ ပန်းကန် ပြန်ဆေးခိုင်းခဲ့ပါတယ်။ ဒါပေမဲ့ Suzanne က၊“နေဝင်ပြီးမှ ကျွန်မ ပန်းကန်တွေ ဆေးလို့ရမယ်” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ကျောင်းမှာ သင်ခဲ့တဲ့ ထွက် ၂၀း၈-၁၀ ထဲက “ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊

ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ" ဆိုပြီး သူမက စတုတ္ထပညတ်တော်ကို ရှင်းပြခဲ့ပါတယ်။ သခင်ဘုရားရဲ့ပညတ်တော်က ဖော်ပြထားသလို ကိုယ့်ကိုကိုယ်သခင်ဘုရားရဲ့ သမီးလို့မြင်ခဲ့ပါတယ်။ သူမအနေနဲ့ ပန်းကန်တွေဆေးတာဟာ အလုပ်လုပ်သလို သဘောပေါက်ခဲ့ပြီး၊ အလုပ်မှအနားယူခြင်းအားဖြင့် ဥပုသ်နေ့ကို စောင့်ထိန်းချင်ခဲ့ပါတယ်။

အဖေဟာ မကျေနပ်လို့ ကျောင်းအုပ်ဆရာကြီးစီကို ဖုန်းခေါ်ပြီး၊ "ကျွန်တော့မိသားစုထဲမှာဘာသာ၂မျိုး ရှိနေတာကျွန်တော်မလိုချင်ဘူး။ ကျွန်တော့်သမီးကို မြော်လင့်ခြင်းအသင်းသူတစ်ယောက်ဖြစ်လာဖို့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ စာသင်ခိုင်းတာမဟုတ်ဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

ဒါကြောင့်မို့ သူ့သမီးကို အခြားကျောင်းသို့ ရွှေ့ပြောင်းပေးခဲ့ပါတယ်။

Jack အနေနဲ့ Ebenezer မြော်လင့်ခြင်းအသင်းကျောင်းက မူလတန်းကျောင်းမှာ၊ ကျောင်းနှစ်တစ်ဝက်လောက်အထိ ပညာသင်ယူခဲ့ပါတယ်။ သူ့ရဲ့ ပထမနေ့စာသင်ချိန်မှာ ကျောင်းဆရာက ပညတ်တော်ဆယ်ပါးအကြောင်းကို သင်ကြားပေးနေခဲ့ပါတယ်။ ထွက် ၂၀း၁၄ မှာ၊ "သူ့မယားကို မပြစ်မှားနှင့်" ဆိုတဲ့ သတ္တမနေ့ပညတ်တော်ကို သူစိတ်ဝင်စားခဲ့ပါတယ်။

ကျောင်းဆရာက၊ "လူတစ်ချို့ဟာ အိမ်ထောင်မပြုပဲနဲ့ တစ်အိမ်ထဲမှာအတူတူနေထိုင်ကြတယ်။ သခင်ဘုရားက လူနှစ်ယောက်အိမ်ထောင်ပြုပြီး တစ်သားတစ်ကိုယ်တည်း အတူတူနေထိုင်ရမယ်လို့ ပြောခဲ့တဲ့အတွက် ဒီလိုမလုပ်သင့်ဘူး။ သူတို့ရဲ့ ရည်းစားဘဝမှာ မနေထိုင်ရပဲ သူတို့ အိမ်ထောင်ပြုရမှာဖြစ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

Jack အိမ်ပြန်တဲ့အခါ၊ "အမေရယ်၊ အဖေနဲ့အိမ်ထောင်ပြုထားတာလား" ဆိုပြီး မေးလိုက်တော့၊ အမေက၊ "ကျွန်မတို့အိမ်ထောင်မပြုပါဘူး" ဆိုပြီး ပြန်ဖြေခဲ့ပါတယ်။

"အမေက အပြစ်ရှိတယ်နော်။ ကျောင်းဆရာက အပြစ်မရှိဖို့ အိမ်ထောင်ပြုရမယ်လို့ ပြောတယ်" ဆိုပြီး Jack က၊ ပြောခဲ့ပါတယ်။

အမေဟာ ထိတ်လန့်ခဲ့ပြီး ဘာပြန်ပြောရမှန်းမသိခဲ့ပါ။ သူ့အသက်တာမှာ လုပ်ခဲ့လုပ်ရပ်တွေဆုံးဖြတ်ချက်တွေကို သူပြန်ပြီး စဉ်းစားကြည့်ခဲ့မိပါတယ်။

"Jack ရယ်၊ အဖေအိမ်ပြန်လာတဲ့အခါ ကျွန်မကိုပြောသလို အဖေ့ကိုပြောလိုက်နော်" ဆိုပြီး၊ သူမကပြောခဲ့ပါတယ်။

အဖေအိမ်ပြန်လာတဲ့အခါ၊ Jack က၊ "အဖေရယ်၊ အမေနဲ့ အိမ်ထောင်ပြုထားသလား" ဆိုပြီး မေးလိုက်တော့၊ အဖေကထိတ်လန့်သွားပြီး၊ "ကျွန်ုပ်တို့အိမ်ထောင်မပြုပါဘူး။ ဘာဖြစ်လို့မေးရတာလဲ" ဆိုပြီး ပြန်ပြောခဲ့ပါတယ်။

"ယနေ့ စာသင်ခန်းမှာ၊ ကျောင်းဆရာက အိမ်ထောင်မပြုပဲနဲ့ အမျိုးသမီးတွေနဲ့ အတူတူမနေထိုင်ရဘူးလို့ ပြောပါတယ်။ အဖေ. . အပြစ်ရှိနေတယ်နော်။ အဖေက အိမ်ထောင်ပြုကိုပြုရမှာနော်" ဆိုပြီး Jack က၊ ပြောလိုက်ပါတယ်။

အဖေအနေနဲ့ သူ့ဇနီးနဲ့ နှလုံးသားထဲကနေ စကားပြောဖို့ဆုံးဖြတ်ခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ သူတို့နှစ်ဦးအိမ်ထောင်ပြုခဲ့ကြပါတယ်။

အမေအနေနဲ့၊ Jack ရဲ့ အားပေးတိုက်တွန်းမှုကြောင့် သူတို့ဇနီး မောင်နှံ အိမ်ထောင်ပြုကြောင်းကို ကျောင်းအုပ်ဆရာမကြီးစီမှာ ပြောပြခဲ့ပါတယ်။

ကျောင်းအုပ်ဆရာမကြီး Ursula Leslie အနေနဲ့၊ ကျောင်းက ကလေးအားလုံးကို သမ္မာကျမ်းစာဝေငှဖို့၊ သာသနာလုပ်ငန်းရှိတဲ့အကြောင်း ပြောပြခဲ့ပါတယ်။ နောက်မှ ဖြစ်လာမယ့်အရာက၊ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ အလုပ်ပဲဖြစ်ပါတယ်။

တစ်ကြိမ်ကြိမ်မှာ၊ မိဘတွေကခရစ်တော်ရဲ့နောက်ကိုလိုက်ဖို့၊ ကျောင်းသားတွေရဲ့ဆုံးဖြတ်ချက်ကို အတိုက်အခံလုပ်ခဲ့ကြပါတယ်။ အဲဒါဟာ ကျွန်မတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေထဲက တစ်ခုဖြစ်ပါတယ်။ ကျောင်းသားတစ်ချို့ဟာ ရေနှစ်ခြင်းခံချင်ကြပေမဲ့ မိဘတွေအနေနဲ့ ကောင်းတဲ့အရာတွေကိုပဲ သင်ယူစေချင်ကြပါတယ်" ဆိုပြီး ကျောင်းအုပ်ဆရာမကြီးက ပြောခဲ့ပါတယ်။

ဒါပေမဲ့လည်း သူတို့ရဲ့ကလေးတွေက၊ အိမ်မှာပြန်ပြောပြခဲ့တဲ့ သမ္မာကျမ်းစာထဲက အမှန်တရားတွေကို ယုံကြည်လက်ခံတဲ့ မိဘတွေရှိလို့ ကြည်နူးအားရဖွယ်ကောင်းပါတယ်။ အဲဒီဖြစ်တည်မှုကပဲ ကလေးတွေနဲ့ မိဘတွေရဲ့စိတ်နှလုံးသားထဲမှာစိုက်ခဲ့တဲ့ မျိုးစေ့တွေရဲ့ အကျိုးရလဒ်ကို ဖော်ပြသွားမှာပါ။

ကလေးတွေနဲ့ မိဘတွေရဲ့စိတ်နှလုံးသားထဲမှာ စိုက်ခဲ့တဲ့ မျိုးစေ့တွေကနေ အသီးသီးဖို့ Ebenezer မြော်လင့်ခြင်းအသင်းတော် မူလတန်းကျောင်းအတွက် ဆုတောင်းပေးကြပါ။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့ အနေနဲ့ ရက်ရက်ရောရော ပါဝင်လှူဒါန်းကြဖို့ စီစဉ်နေကြတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။

-၀-

# “သခင်ဘုရားက သူ့အပိုင်းကို လုပ်ဆောင်နေတယ်”

ဇူလိုင်လ (၁၃)ရက်၊ တင်ပြသူ-Roderick, Dominica နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

***ဒီကမ္ဘာ့သာသနာသတင်းဟာ ဒိုမီနီကာ နိုင်ငံက၊ ကာရေဗီယံ ကျွန်းပေါ်မှာ ကျောင်းအသစ်တစ်ဆောင်ရဲ့ ဗိသုကာဖြစ်တဲ့ Roderick အကြောင်းဖြစ်ပါတယ်။ ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် အဲဒီကျောင်းဆောင်သစ်ကို ဆောက်လုပ်ရာမှာ ကူညီ ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ဒီဖြစ်ရပ်လေးဟာ ၁၉၈၄ ခုနှစ်ကစတင်ခဲ့တာဖြစ်တယ်။***

Roderick အနေနဲ့ ပြင်သစ်နိုင်ငံက တက္ကသိုလ်မှာ ပညာသင်ဖို့အတွက်၊ ပညာသင်ဆုရရှိလို့၊ သူ့အတွက် အဲဒီနေ့ဟာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။

သူ့အနေနဲ့ ခရီးဆောင်အိတ်တွေ ပြင်ဆင်ပြီးတော့၊ သူ့အမေနဲ့ ညီနှစ်ယောက်တို့ကို သွားတော့မယ်လို့ နှုတ်ခွန်းဆက်သလိုက်ပြီး၊ သူ့အိမ်ကနေ ကမ္ဘာလုံးရဲ့ ခရီးတစ်ဝက်မှာရှိတဲ့ ဒိုမီနီကာနိုင်ငံက၊ ကာရေဗီယံ ကျွန်းပေါ်သို့ရွှေ့ပြောင်းခဲ့ပါတယ်။

ဒါပေမဲ့ ပြင်သစ်နိုင်ငံက သူ့စာသင်ခန်းထဲမှာ ထိုင်လိုက်တာနဲ့၊ တစ်စုံတစ်ခု ဟာနေသလို သူခံစားခဲ့ရပါတယ်။

လိုနေတဲ့အရာကို ဖြည့်ဖို့အတွက်၊ နောက်တနင်္ဂနွေနေ့မှာ သူ ဘုရားကျောင်းသို့သွားခဲ့ပါတယ်။ ဒါပေမဲ့ သူမကျေနပ်ခဲ့ပါ။ တနင်္ဂနွေနေ့မှာ ဘုရားကျောင်းကိုပြန်သွားခဲ့ပေမဲ့လည်း စိတ်မကျေနပ်သေးပါ။ သူ့အမေက တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးဖို့သင်ပေးခဲ့ပေမဲ့၊ သူ့စိတ်နှလုံးသားထဲမှာတော့ စနေနေ့ဟာ မှန်ကန်တဲ့ဥပုသ်တော်နေ့ဖြစ်တယ်ဆိုတာ ယုံကြည်လက်ခံပြီးသားဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံမရောက်ခင်မှာ၊ Roderick အနေနဲ့ သမ္မာကျမ်းစာဖတ်တာ နှစ်သက်ခဲ့ပါတယ်။ သခင်ဘုရားကိုသိဖို့အတွက် သူသမ္မာကျမ်းစာဖတ်ခဲ့တာ မဟုတ်ပါ။ သူ့အထက်တန်းကျောင်းသားသူငယ်ချင်းတွေနဲ့ သူသမ္မာကျမ်းစာအကြောင်းအပြန်အလှန်ဆွေးနွေးတာ သူနှစ်သက်ခဲ့ပြီး၊ ဝေဖန်ဆွေးနွေးရာမှာ အနိုင်ရဖို့ သူ သမ္မာကျမ်းစာကို ဖတ်ရှု လေ့လာခဲ့ပါတယ်။

သူဖတ်ရင်းဖတ်ရင်းနဲ့ သခင်ဘုရားက တစ်ပတ်တာရဲ့ သတ္တမနေ့ကို ဥပုသ်နေ့အဖြစ် သတ်မှတ်ခဲ့တာကို ယုံကြည်လာခဲ့ပါတယ်။ ဒါပေမဲ့ သူသိသော်လည်းပဲ တစ်ခါမှ မလိုက်လျှောက်ခဲ့ပါ။

ယခုအချိန် ပြင်သစ်နိုင်ငံမှာ၊ Roderick အနေနဲ့ သတ္တမနေ့ဥပုသ်စောင့်တဲ့

တစ်စုံတစ်ဦးနဲ့ တွေ့လို့ရမလားဆိုပြီး၊ စဉ်းစားမိခဲ့ပါတယ်။ သူ့အနေနဲ့ ဒိုမီနီကာနိုင်ငံမှာ သတ္တမနေ့ ဥပုသ်စောင့်တဲ့မြော်လင့်ခြင်းအသင်းသားတွေကို သတိရခဲ့ပြီး၊ ပြင်သစ်နိုင်ငံမှာ မြော်လင့်ခြင်းအသင်းသားတွေ နေထိုင်ကြသလားဆိုတာ သူ့အတန်းဖော်တွေကို သူမေးခဲ့ပါတယ်။ အတန်းဖော်တစ်ဦးက ဒိုမီနီကာနိုင်ငံကနေ မြော်လင့်ခြင်းအသင်းသားတစ်ဦးကို၊ သူ့ထံမှာ မိတ်ဆက်ခဲ့ပြီး၊ Roderick က အဲဒီပုဂ္ဂိုလ်နဲ့အတူစပြီးဘုရားကျောင်းသို့ သွားခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ Roderick ရောက်လာခဲ့တာ တစ်လပဲရှိပါသေးတယ်။

Roderick အနေနဲ့ မြော်လင့်ခြင်းအသင်းတော် ဘုရားကျောင်းသို့သွားတဲ့အခါမှာ သူ့အမေနဲ့ညီလေးတွေကိုမပြောပြခဲ့ပါ။ ဒါပေမဲ့၊ ဘယ်လိုမှ မထင်ကြပါ။ အမေစိတ်မကောင်းဖြစ်နေမလား။ သူ့ညီနှစ်ယောက်တို့က သူ့ကိုအထင်သေးသွားမလားဆိုတာ သူစိုးရိမ်မိခဲ့ပါတယ်။ သူ့အနေနဲ့ ကြာကြာစောင့်စရာမလိုပါ။

ဥပုသ်နေ့တိုင်း ဘုရားကျောင်းသွားတာ နှစ်လကြာတဲ့အခါ၊ သူ့အမေထံမှ စာတစ်စောင်ရောက်လာခဲ့ပါတယ်။

Roderick အနေနဲ့ သူ့မျက်စိကို မယုံနိုင်ခဲ့ပါ။ ဒီလောက်ဝေးလန်တဲ့ဒေသမှာ သူနဲ့သူ့မိသားစုတို့ဟာ တစ်ခြားစီနေထိုင်ကြတာတောင်မှ ဆင်တူတဲ့ သခင်ဘုရားရဲ့လမ်းကြောင်းကို လိုက်ကြတာဟာ တကယ်ဖြစ်နိုင်ပါ့မလား။

"သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်တစ်ပါးမှာ ဥပုသ်တော်နေ့တိုင်း ကျွန်တော်ဘုရားကျောင်းသွားတက်ခဲ့ပါတယ်" ဆိုပြီး သူက စာပြန်ရေးခဲ့ပါတယ်။

သူ့အမေနဲ့ ညီလေးနှစ်ယောက်က သူပြန်ရေးတဲ့စာကိုလက်ခံရရှိတဲ့အခါ အံ့သြမဆုံး ဖြစ်ခဲ့ကြပါတယ်။

နှစ်လကြာတဲ့အခါ၊ Roderick ရဲ့အမေနဲ့ ညီနှစ်ယောက်တို့ဟာ ဒိုမီနီကာနိုင်ငံမှာ ရေနှစ်ခြင်းခံခြင်းအားဖြင့် သူတို့ရဲ့ စိတ်နှလုံးသားကို သခင်ခရစ်တော်ထံ ဆက်ကပ်ခဲ့ကြပါတယ်။ အဲဒီနောက် နှစ်လအကြာမှာ၊ ပြင်သစ်နိုင်ငံမှာ Roderick အနေနဲ့ ရေနှစ်ခြင်းခံခဲ့ပါတယ်။

Roderick ဟာ ပြင်သစ်နိုင်ငံမှာ ကိုးလပဲနေထိုင်ခဲ့ပြီး၊ သူ့အသက်တာဟာ လုံးဝ ပြောင်းလဲခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ၊ ဒိုမီနီကာနိုင်ငံက သူ့အမေနဲ့သူ့ညီလေးရဲ့အသက်တာဟာလည်း လုံးဝပြောင်းလဲခဲ့ပါတယ်။ ရှင်ပေါလုက ၂ကော ၅း၁၇ ထဲမှာ၊ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" ဆိုပြီး ပြောခဲ့သလိုပါပဲ။

Roderick အနေနဲ့၊ နောက်တစ်နှစ်ရဲ့ ပထမဦးဆုံးအားလပ်ရက်မှာ ဒိုမီနီကာနိုင်ငံသို့ ပြန်သွားခဲ့ပါတယ်။ သူ့အမေ၊ သူ့ညီတို့နဲ့အတူ ဥပုသ်နေ့မှာ မြော်လင့်

ခြင်းအသင်းတော်ဘုရားကျောင်းသို့ သွားခဲ့ကြပါတယ်။ သူတို့မိသားစုအနေနဲ့ သူတို့ရဲ့ အသက်တာမှာ သခင်ဘုရားရဲ့ လမ်းပြပို့ဆောင်မှုကို ချီးမွမ်းခဲ့ကြပါတယ်။

Roderick အနေနဲ့ "သခင်ဘုရားက ပြင်သစ်နိုင်ငံမှာ ကျွန်တော့်ကို လမ်းပြပို့ဆောင်နေတဲ့အချိန်မှာပဲ ဒိုမီနီကာနိုင်ငံက သူ့မိသားစုကို လမ်းပြပို့ဆောင်နေခဲ့တာကို ကျွန်ုပ် မှတ်မိနေခဲ့ပါတယ်။ အလုပ်မှာ သခင်ဘုရားရဲ့လက်တော်ကို၊ မြင်ရတာ အင်မတန်မှ အံ့သြဖွယ်ကောင်းပါတယ်။ ဥပုသ်တော်နေ့မှာ ကျွန်တော်ဘုရားကျောင်းသွားတက်တာကို ကျွန်တော့်မိသားစုအား တစ်ခါမှမပြောပြခဲ့ပါ။ ဒါပေမဲ့ ကျွန်ုပ်တို့အားလုံးက သခင်ဘုရားရဲ့အလိုတော်ကို လိုက်လံရှာဖွေခဲ့ကြပါတယ်။ သခင်ဘုရားက ထူးခြားတဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်နေပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

Roderick ဟာ အဆောက်အအုံရဲ့ ဗိသုကာဖြစ်ပြီး၊ လုပ်အားခမယူပဲ စေတနာအပြည့်အဝနဲ့ ဆက်ကပ်ဦးဆောင်နေပါတယ်။ သခင်ဘုရားက အဲဒီစီမံကိန်းကို ဘယ်လိုကောင်းချီးပေးသလဲဆိုတာ တွေ့မြင်ဖို့ သူမျှော်လင့်တောင့်တမိပါတယ်။ "ကျွန်ုပ်တို့ရဲ့ အချိန်သတ်မှတ်တာဟာ သခင်ဘုရားဟာနဲ့ မတူပါဘူး။ ကျွန်ုပ်တို့ဆီကနေ သစ္စာရှိမှုကိုပဲ သခင်ဘုရားကတောင်းဆိုတာပါ။ ကျွန်ုပ်တို့အနေနဲ့ သစ္စာရှိပြီး စကားနားထောင်တဲ့အခါ၊ သခင်ဘုရားက ကိုယ်တော့်အပိုင်းကို ဆက်လက်လုပ်ဆောင်နေပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဒိုမီနီကာ နိုင်ငံက အလွန်မှပင်လိုအပ်နေတဲ့ Ebenezer မြော်လင့်ခြင်းမူလတန်းကျောင်းကို ပိုပြီးကျယ်ပြန့်တဲ့အဆောက်အအုံသို့ ရွှေ့ပြောင်းရာမှာ၊ ကူညီထောက်ပံ့ဖို့ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကိုသင်တို့အနေနဲ့ ရက်ရက်ရောရော လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## "ယုံကြည်မှုအပေါ် ရှုန်းကန်လှုပ်ရှားမှု"

ဇူလိုင်လ (၂၀) ရက်၊ တင်ပြသူ-Zarrah, Dominica နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

အသက် ၂၀ အရွယ်ရှိတဲ့ Zarrah အနေနဲ့ သူမ မှတ်မိသလောက်ကတော့၊ သူ့ဟာသူ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားလို့ပဲ စဉ်းစားဆင်ခြင်ခဲ့ပါတယ်။ သူမအနေနဲ့ မြော်လင့်ခြင်းအသင်းတော်မိသားစုကနေ မကြီးပြင်းခဲ့ရလို့ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ မတက်ခဲ့ရပါဘူး။ ဒါပေမဲ့ သူ့ကလေးထိန်းလုပ်သူဟာ မြော်လင့်ခြင်းအသင်းသူတစ်ယောက်ဖြစ်ပြီး၊ သူအသက် ၃ နှစ်အရွယ် ရောက်တဲ့အခါ ဘုရားကျောင်းသို့ သူမ ခေါ်သွားခဲ့ပါတယ်။

Zarrah အနေနဲ့ သူ့ရဲ့ကလေးထိန်းဖြစ်သူ Auntie Freda နဲ့ဘုရားကျောင်းသွားရတာ နှစ်သက်ခဲ့ပါတယ်။

အသင်းတော်ဘုရားကျောင်းမှာ သူမအနေနဲ့ သမ္မာကျမ်းစာပုံပြင်နဲ့အလွတ်ကျမ်းချက်တွေကို သင်ယူခဲ့ပါတယ်။

သူမ အိမ်ပြန်လာတဲ့အခါ သူ့အမေဆီမှာ အလွတ်ကျမ်းချက်တွေကို ရွတ်ဆိုခဲ့ပါတယ်။

အမေအနေနဲ့ အလွတ်ကျမ်းချက်တွေ တစ်ခုမှမသိခဲ့ပေမဲ့ သူ့သမီးလေးက အလွတ်ကျမ်းချက်ရွတ်ဆိုတာကို အရမ်းသဘောကျခဲ့ပါတယ်။

အမေအနေနဲ့ Zarrah ကို မြော်လင့်ခြင်းဘုရားကျောင်းမှာ စဉ်ဆက်မပြတ်သွားဖို့ တိုက်တွန်းခဲ့ပါတယ်။

ဒါပေမဲ့ Zarrah ဟာ ကျောင်းတက်တဲ့အရွယ်ရောက်လာတော့၊ အမေက သူ့အသင်းတော်ကဖွင့်တဲ့ အခြေခံမူလတန်းကျောင်းမှာ သူ့သမီးရဲ့နာမည်ကို စာရင်းသွင်းခဲ့ပါတယ်။ အဲဒါဟာ ဒုက္ခပြဿနာရဲ့အစဖြစ်ပါတယ်။

အဲဒီကျောင်းက သခင်ယေရှုရဲ့အမေ မေရီဆီမှာ၊ ဆုတောင်းချက်ကို ကလေးတွေက အလွတ်ရွတ်ပြဖို့ စည်းကမ်းရှိတော့၊ Zarrah အနေနဲ့ ချက်ချင်းပဲ စိတ်ပျက်ခဲ့ပါတယ်။

ကျောင်းအုပ်ဆရာမကြီးအနေနဲ့ အံ့အားသင့်ခဲ့ပါတယ်။ ဒါပေမဲ့ အမေကို Zarrah က မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ သွားခဲ့ကြောင်း ရှင်းပြလိုက်ပါတယ်။ ကျောင်းအုပ်ဆရာမကြီးအနေဖြင့် ဆုတောင်းချက်ကို Zarrah အားရွတ်ပြဖို့ မတိုက်တွန်းခဲ့ပါ။ ကျောင်းအုပ်ဆရာမကြီးက Zarrah ရဲ့ ယုံကြည်ချက်အပေါ် မနှောင့်ယှက်ဖို့ ကျောင်းဆရာတွေကိုပြောပြခဲ့ပါတယ်။

လေးနှစ်ကြာတဲ့အခါ၊ ကျောင်းဆရာအသစ်က Zarrah မှလွဲပြီး တစ်ခြားကလေးတွေရဲ့ ဆုတောင်းချက်အလွတ်ရွတ်ဆိုပြတာကို တွေ့လိုက်ရတော့၊ "ဘာဖြစ်လို့အလွတ်မရွတ်ရတာလဲ" ဆိုပြီး အသက်ဧနှစ်အရွယ် မိန်းကလေး Zarrah ကို မေးလိုက်ပါတယ်။

"ကျွန်မမြော်လင့်ခြင်းအသင်းသူတစ်ယောက်ပါ" ဆိုပြီး မိန်းကလေးက ပြောခဲ့ပါတယ်။

ဒါပေမဲ့ ကျောင်းဆရာက Zarrah ပြောပြတာကို ဂရုမစိုက်ပဲ၊ "ကျောင်းစည်းကမ်းအရ ဆုတောင်းချက်ကို သင် အလွတ်ရွတ်ဆိုပြရမှာ။ သင်က ကျောင်းစည်းကမ်းကို လိုက်နာရမှာ" ဆိုပြီး ပြောလိုက်တော့ Zarrah ကငိုခဲ့ပါတယ်။

အိမ်ပြန်ရောက်တဲ့အခါ၊ သူမက အမေ့ဆီမှာ အဖြစ်အပျက်ကို ပြောပြခဲ့ပါတယ်။

အမေဟာ စိတ်မကောင်းလွန်းလို့ နောက်တစ်နေ့မှာ ကျောင်းအုပ်ကြီးနဲ့စကားပြောဖို့ ကျောင်းသို့သွားခဲ့ပါတယ်။

ယခုအချိန်မှာ ကျောင်းအုပ်ကြီးအနေနဲ့လည်း စိတ်မကောင်း ဖြစ်ခဲ့ပါတယ်။ သူမအနေနဲ့ အဲ့ဒီကျောင်းဆရာမကိုမျက်နှာထားတင်းတင်းနဲ့ စကားပြောခဲ့ပါတယ်။

ကျောင်းဆရာအနေနဲ့ Zarrah ကို မဆူတော့ပဲ၊ သူ့အသက်တာမှာ ပိုပြီးအခက်အခဲရှိအောင်လုပ်ခဲ့ပါတယ်။ အတန်း ထဲမှာ မေးခွန်းအတွက်အဖြေရှိဖို့ Zarrah က သူ့ရဲ့လက်ကိုမြှောက်ခဲ့ပါတယ်။ ကျောင်းဆရာက မသိဟန်ဆောင်လုပ်ခဲ့ပါတယ်။ Zarrah တစ်ယောက်တည်း မေးခွန်းကိုဖြေဖို့အတွက် လက်ထောင်သော်လည်း၊ ကျောင်းဆရာက ဂရုမစိုက်ခဲ့ပါ။

Zarrah ဟာ ကျောင်းသွားရာမှာ ၊ ကျောင်းဆရာမကိုတွေ့တဲ့အခါ သက်တောင့် သက်သာမရှိခဲ့ပါ။

သူမက ဒီအဖြစ်အပျက်တွေကို အမေ့ဆီမှာ ပြောပြတော့၊ အမေအနေနဲ့ မြော်လင့်ခြင်းအသင်းတော်ရဲ့ ကျောင်းတစ်ကျောင်းမှာ သူမကို ပြောင်းတက်ဖို့ဆုံးဖြတ်စေခဲ့ပါတယ်။

ဒါပေမဲ့ အမေက Ebenezer မြော်လင့်ခြင်း မူလတန်းကျောင်းကိုစုံစမ်းလိုက်တဲ့အခါ၊ ကျောင်းသားအသစ်လက်မခံတော့ဘူးဆိုတာကို သိခဲ့ရပါတယ်။ သူမအနေနဲ့ ကျောင်းအုပ်ကြီးဆီမှာ အခြေအနေကို ရှင်းပြလိုက်တော့၊ Zarrah ကိုအသစ်သော ကျောင်းသူအနေနဲ့ ကျောင်းက လက်ခံခဲ့ပါတယ်။

Zarrah အနေနဲ့ ကျောင်းရောက်တဲ့အခါ သူငယ်ချင်းတစ်ယောက်မှမရှိပေမဲ့ ပျော်ခဲ့ပါတယ်။ သူ့ရဲ့ယုံကြည်ချက်အတိုင်း သူမက ဝတ်ပြုကိုးကွယ်လို့ရခဲ့ပါတယ်။

တစ်နှစ်ကျော်တဲ့အခါ၊ Zarrah က ကျောင်းမှာရေနှစ်ခြင်းခံခြင်းအားဖြင့် သူ့နှလုံးသားကို သခင်ခရစ်တော်ထံဆက်ကပ်ခဲ့ပါတယ်။ ပြီးတော့ သူ့အမေနဲ့ အစ်မ တို့လည်း ရေနှစ်ခြင်းခံယူခဲ့ကြပါတယ်။

ယခုအချိန်မှာ၊ Zarrah ဟာ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်း ဆရာမတစ်ဦးဖြစ်ပါတယ်။

"ကျွန်မရဲ့ ပန်းတိုင်ဟာ ကျွန်မလို ရုန်းကန်လှုပ်ရှားနေရတဲ့၊ ကလေးတွေကို ကူညီမစဖို့ဖြစ်ပါတယ်" ဆိုပြီး သူမကပြောခဲ့ပါတယ်။

အိမ်မှာ၊ သူမအနေနဲ့ Aunt Freda ရဲ့ နမူနာကို လိုက်လျောပြီးတော့၊ အသက် ၇ နှစ်အရွယ်ရှိတဲ့ အိမ်နီးချင်းက မိန်းကလေးတစ်ယောက်ကို ဘုရားကျောင်းသို့ ဥပုသ်နေ့တိုင်း ခေါ်ဆောင်ခဲ့ပါတယ်။ မိန်းကလေးအနေနဲ့ အိမ်ပြန်လာတဲ့အခါသူမ သင်ယူခဲ့ရတဲ့အရာတွေကို အမေ့ကို ပြန်ပြောပြခဲ့ပါတယ်။ အဲဒါကို အမေက အရမ်း သဘောကျပြီး၊ သူ့သမီးကိုZarrahနဲ့အတူ ဘုရားကျောင်းသွားစေချင်ခဲ့ပါတယ်။

Zarrah အနေနဲ့ သူ့ရဲ့အတွေ့အကြုံဟာ သခင်ဘုရားအပေါ် သစ္စာရှိမှုအ တွက် သက်သေတစ်ခုဖြစ်ခဲ့ပါတယ်။

"ကျွန်မရဲ့ သက်သေခံချက်ကတော့ သခင်ဘုရားအတွက် ရပ်တည်တဲ့အခါ၊ သင့်အတွက် ကိုယ်တော်က ရပ်တည်ပေးမှာပါ။ သင့်အတွက် သခင်ယေရှုကိုသိခြင်း ဟာ အင်မတန်မှအရေးကြီးပါတယ်။ သင်က ဘယ်လောက်ပဲအရေးမပါဖြစ်နေပါစေ၊ သခင်ဘုရားက သင့်ကို ခေါ်ဖိတ်တယ်ဆိုရင် အဲဒီခေါ်ဖိတ်မှုကို မငြင်းဆိုပါနဲ့။ သခင် ယေရှုကို ပထမဦးဆုံးနေရာမှာထားပါ" ဆိုပြီး သူမကပြောခဲ့ပါတယ်။

ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ဒိုမီနီကာနိုင် ငံရဲ့ မြို့တော် Roseau က Ebenezer မြော်လင့်ခြင်း မူလတန်းကျောင်းကို ပိုပြီး ကျယ်ပြန့်တဲ့ အဆောက်အအုံသို့ ရွှေ့ပြောင်းရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

အဲဒီကျောင်းဟာ Zarrah ရဲ့ အမေ၊ သူမ နာမည်ကိုစာရင်းသွင်းချင်တဲ့အ ခါမှာ၊ တကယ့်တကယ်ပဲ လူပြည့်ကျပ်ခဲ့ပြီးပိုပြီးကျယ်တဲ့ အဆောက်အအုံကို တကယ်ပဲ လိုအပ်နေပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေကို သင် တို့အနေနဲ့ ရက်ရက်ရောရောလှူဒါန်းဖို့ စီစဉ်ကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# ‘Jerry, အချိန်အတွက် ဆေးတောင့်’

ဇူလိုင်လ (၂၇)ရက်၊ တင်ပြသူ-Antonia, ဒိုမီနီကာနိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

ကျောင်းစဖွင့်တဲ့နေ့မှာပဲ၊ ကျောင်းဆရာမ အန်တိုနီယာ အနေနဲ့သူ့တတိယတန်းကျောင်းသားတွေရှေ့မှာ အဖြူရောင်၊ ပန်းနုရောင်၊ အနက်ရောင်နဲ့ မီးခိုးရောင်လှပတဲ့ချောထုတ်စက္ကူနဲ့ ထုပ်ပိုးခဲ့တဲ့ ဘီစကွတ်သေတ္တာတစ်လုံးနဲ့ မတ်တပ်ရပ်နေခဲ့ပါတယ်။

ကလေးတွေက စူးစမ်းချင်စိတ်ပြင်းပြစွာနဲ့ ကျောင်းဆရာမက အဝါရောင်နဲ့အစိမ်းရောင်စာရွက်အပိုင်းတွေဝေငှခဲ့တာကို စောင့်ကြည့်ခဲ့ကြပါတယ်။

အန်တိုနီယာ က သေတ္တာကို လက်ညှိုးထိုးပြီးတော့၊ “အဲဒါဟာ အချိန်နဲ့ဆိုင်တဲ့ဆေးတောင့်ဖြစ်ပါတယ်” ဆိုပြီးပြောခဲ့ပါတယ်။

စာရွက်အပိုင်းတွေကို ကိုယ်ဟန်လက်ဟန်နဲ့ပြပြီးတော့၊ “သင့်စာရွက်ပေါ်မှာ သင့်နာမည်နဲ့ ဒီကျောင်းနှစ်ထဲမှာ ဆုတောင်းပေးဖို့ သင်လိုချင်တဲ့အချက်တွေရေးကြပါ” ဆိုပြီး ပြောလိုက်ပါတယ်။

သူတို့ရဲ့ စာရွက်အပိုင်းတွေကို သေတ္တာထဲမှာ ထည့်ပြီးတော့၊ သေတ္တာကို တံဆိပ်ခတ်ရမှာလို့ သူမက ပြောပြခဲ့ပါတယ်။ ကျောင်းနှစ်အဆုံးမှာ၊ အတန်းထဲမှာ သခင်ဘုရားက သူတို့ရဲ့ဆုတောင်းချက်တွေကို ဘယ်လိုဖြေပေးခဲ့သလဲဆိုတော့မြင်နိုင်ဖို့အတွက် သေတ္တာဖွင့်ဖို့ ညှော်ခံပွဲ လုပ်ရမှာဖြစ်ပါတယ်။

ကလေးတွေအနေနဲ့ Ebenezer မြော်လင့်ခြင်း မူလတန်းကျောင်းမှာ သူတို့အတွက်ဆုတောင်းပေးစေချင်တဲ့အချက်တွေကို စိတ်လှုပ်ရှားစွာနဲ့ ရေးခဲ့ကြပါတယ်။

အန်တိုနီယာ အနေနဲ့လည်း ဆုတောင်းပေးစေချင်တဲ့အချက်တွေကို ရေးထားတဲ့စာရွက်ကို သေတ္တာထဲမှာ ထည့်သိမ်းထားမယ်လို့ပြောခဲ့ပါတယ်။

“ဒီအရာဟာ ကျွန်တော့်အတွက် တကယ်ပဲ လေးနက်ပါတယ်။ သခင်ဘုရားက ကျွန်မရဲ့အသက်တာကို ပြောင်းလဲစေနိုင်တယ်လို့ ကျွန်မယုံကြည်ပါတယ်” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

“အချိန်အတွက် ဆေးတောင့်သေတ္တာကို တံဆိပ်ခတ်ပြီးနောက်၊ ယောကျ်ားလေးတစ်ယောက်က လက်ထောင်ပြီးတော့၊ “ဒီအချိန်အတွက် ဆေးတောင့်ကို နာမည်ပေးမလား” ဆိုပြီး သူ စိတ်လှုပ်ရှားစွာနဲ့ ပြန်မေးခဲ့ပါတယ်။

ကျောင်းဆရာက ခေါင်းငြိမ့်ပြီး၊ “Jerry, အချိန်အတွက်ဆေးတောင့်” ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။

ကလေးတွေအားလုံးက လက်ခုပ်တီးကြပြီး ပျော်ရွှင်ခဲ့ကြပါတယ်။

ပြီးတော့၊ ယောက်ျားလေးတွေက သေတ္တာအတွက်၊ "Jerry ကိုကျေးဇူးတင်ပါတယ်" ဆိုပြီး ဆုတောင်းခဲ့ကြပါတယ်။

အချိန်အတွက် ဆေးတောင့်ဟာ ဒိုမီနီကာနိုင်ငံက ကျောင်းအသစ်မဖွင့်ခင်လေးမှာ၊ အခြားမြော်လင့်ခြင်းအသင်းတော်ကျောင်းမှ ကျောင်းဆရာတစ်ဦးထံကနေ 'အန်တိုနီယာ'ကကြားသိခဲ့ရလို့၊ စာသင်တဲ့အခါသုံးတဲ့တန်ဆာပလာတစ်ခုဖြစ်လာခဲ့ပါတယ်။

သူမက Ebenezer မြော်လင့်ခြင်း မူလတန်းကျောင်းမှာ ပထမဦးဆုံးကျောင်းတက်တဲ့နေ့က၊ လူမှုရေးလှုပ်ရှားမှုနဲ့ ဝိညာဉ်ရေးပိုင်းဆိုင်ရာသင်ခန်းစာများအား၊ ပေါင်းစပ်တဲ့အကြံအစည်ကို သဘောကျခဲ့ပါတယ်။

လနဲ့ချီပြီး လွန်သွားတဲ့အခါ၊ ကလေးတွေအနေနဲ့ Jerry သေတ္တာကို ကိုင်ကာ၊ ဆုတောင်းခဲ့ကြပါတယ်။

"ကျွန်ုပ်တို့ရဲ့ပန်းတိုင်တွေကို ဖြစ်မြောက်ဖို့ မစသနားတော်မူပါ" ဆိုပြီး တစ်ယောက်က ဆုတောင်းခဲ့ပါတယ်။ နောက်တစ်ယောက်ကလည်း၊ "ကျွန်ုပ်တို့ရဲ့ဆန္ဒတွေပြည့်စုံစေတော်မူပါစေ" ဆိုပြီး ဆုတောင်းခဲ့ကြပါတယ်။

ဧည့်သည်တွေဖြစ်ကြတဲ့ ကျောင်းအုပ်ဆရာကြီး၊ ပါစတာတွေနဲ့ အသင်းတော်ခေါင်းဆောင်တွေဟာ စာသင်ခန်းထဲသို့ရောက်လာကြပါတယ်။ ကလေးတွေက သူတို့ရဲ့သေတ္တာကိုကိုင်ပြီး၊ သူတို့ရဲ့ တောင်းခံမှုတွေအတွက် ဆုတောင်းပေးဖို့တောင်းဆိုခဲ့ကြပါတယ်။

ကျောင်းနှစ်တစ်ဝက်ရောက်တဲ့အခါ၊ မိန်းကလေးတစ်ယောက်က လက်မြှောက်ပြီးတော့၊ "ကျွန်မ စာရွက်အပိုင်းပေါ်မှာစာကို ပိုပြီးတော့ဖတ်တတ်ဖို့ ရေးထားသလို သခင်ဘုရားက နားညောင်းတော်မူပြီး ယခုအချိန်မှာ ကျွန်မက ပိုပြီးဖတ်တတ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

နောက်ပြီးတော့၊ကလေးတစ်ချို့ကလက်မြှောက်ခဲ့ကြပြီး၊အမှတ်ကောင်းကောင်းရအောင်ဆုတောင်းခဲ့ကြပြီး၊ တကယ်ပဲရယူပိုင်ဆိုင်နေကြတာကို ပြောခဲ့ကြပါတယ်။

ကလေးနှစ်ယောက်နဲ့ တစ်ခြားကျွန်းပေါ်မှာ နေထိုင်တဲ့ သူတို့ရဲ့ဖခင်တွေက၊ တွေ့ဆုံပြီး ပြောခဲ့ကြပါတယ်။

မိန်းကလေးတစ်ယောက်က၊ ညီလေး ဒါမှမဟုတ် ညီမလေး တစ်ယောက်အတွက်ဆုတောင်းတော့၊ ကလေးတစ်ယောက်ရှိတဲ့ အဒေါ်ကြီးတစ်ဦးက သူတို့အိမ်နဲ့နီးကပ်တဲ့အိမ်တစ်အိမ်သို့ ရွှေ့ပြောင်းလာခဲ့ကြပါတယ်။

ကလေးတွေရဲ့ချီးမွမ်းမှု အဆုံးသတ်တဲ့အခါ၊ အန်တိုနီယာ အနေနဲ့ဦးညွှတ်ပြီး

ကျေးဇူးတင်ဖို့အတွက် ဆုတောင်းခဲ့ပါတယ်။

သူမက မာကု ၉း၂၃ ထဲမှ ကောက်နှုတ်ပြီးတော့၊ "ယေရှုကလည်း သင်သည် ယုံကြည်နိုင်သလော၊ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏" ဆိုပြီး ပြောခဲ့ပါတယ်။

ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ပိုပြီးတော့ ကျယ်ပြန့်တဲ့ ကျောင်းအသစ်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီထောက်ပံ့ သွားမှာ ဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်မှာ၊ ဖွင့်လှစ်ခဲ့တဲ့ ဒီကျောင်းဟာ ကျွန်းပေါ်ကအခြေခံမူလတန်းကျောင်း ၆၂ ကျောင်းထဲမှ အကောင်းဆုံး ၁၀ ကျောင်းထဲမှာ ပါဝင်စမြဲဖြစ်ပါတယ်။ ဒါပေမဲ့၊ ကျောင်းအဆောက်အအုံဟာ သူငယ်တန်းကနေ စတုတ္ထတန်းအထိ ကျောင်းသား အယောက် ၁၆၀ နဲ့ ပြည့်ကျပ်နေခဲ့ပါတယ်။ အဆောက်အအုံတန်း အခု ၄၀မှာ ရှိတဲ့တစ်ခြားအဆောက်အအုံမှာ လေးတန်းကျောင်းသားတွေက စာသင်ခဲ့ရပါတယ်။ မိဘအများကြီးကအဲဒီကျောင်းမှာ သူတို့ရဲ့ကလေးတွေကို ပညာသင်စေချင်ကြပေမဲ့၊ စာသင်ရန်အခန်းမရှိတော့ပါ။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေကို သင်တို့အနေနဲ့ရက်ရက်ရောရော လှူဒါန်းထည့်ဝင်ဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ကားကို ပြန်ပေးဆွဲသွားခဲ့"

ဩဂုတ်လ (၃)ရက်၊ တင်ပြသူ-Beverly, Trinidad နဲ့ Tobago နိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Beverly ဟာ ည ၁၁း၃၀ မှာ သူ့ကားထဲကနေ ထွက်လာတာနဲ့ တစ်စုံတစ်ဦးကသူမကို ကားထဲကအနောက်ထိုင်ခုံသို့ တွန်းပို့ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ၊ တစ်စုံတစ်ဦးက အနောက်ထိုင်ခုံမှာ ဝင်ထိုင်ပြီး Berverly ရဲ့ လည်ပင်းကို သေနတ်နဲ့ချိန်ရွယ်ခဲ့ပါတယ်။

"ယခုအချိန်မှာ ယာဉ်စီးနင်းလိုက်ပါမယ်" ဆိုပြီး ကားမောင်းသူရဲ့ ထိုင်ခုံမှာ ထိုင်နေတဲ့အမျိုးသားကပြောခဲ့ပါတယ်။

သူက ကားကိုနောက်ဆုတ်ပြီးတာ့ "ထရီနီဒက်" နိုင်ငံရဲ့ "ကာရေဗီရံ"ကျွန်းပေါ်မှာ သုံးဦးစလုံးတိတ်တိတ်ဆိတ်ဆိတ်နဲ့ ကားစီးခဲ့ကြပါတယ်။

အဲဒါနဲ့ Beverly က၊ "ကျွန်မကိုသတ်မှာလား" ဆိုပြီး ပြောလိုက်တဲ့အခါ၊ ကားမောင်းသူက၊ "ငါတို့ကိုမကြည့်ဘူးဆိုရင် သင့်ကိုမသတ်ပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

Berverly အနေနဲ့ ကားမောင်းသူက ခေါင်းမြီးခြုံထားတာကိုတွေ့လိုက်ရလို့ သူ့ကို မကြည့်ရဲတော့ပါ။

"အကြာကြီး သင့်နောက်ကိုလိုက်နေတာ သင်သိပါသလား" ဆိုပြီး ကားမောင်းသူက မေးခဲ့ပါတယ်။

Berverly အနေနဲ့ ဘာမှပြန်မပြောခဲ့ပါ။ သူမဟာ မဟာဘွဲ့အတွက် စိတ္တဗေဒဘာသာကိုသင်ကြားနေတဲ့ မြော်လင့်ခြင်းအသင်းတော်ကပိုင်ဆိုင်တဲ့ 'တောင်ပိုင်းကာရေဗီရံ' တက္ကသိုလ်ကနေထွက်လာခဲ့တာ ၂နာရီခွဲရှိပါပြီ။ သူမအနေနဲ့ တက္ကသိုလ်က သူငယ်ချင်းတွေကို ကားနဲ့လိုက်ပို့ခဲ့ပြီး၊ သူ့အိမ်သို့ပြန်ဖို့ ကားမောင်းလာခဲ့တာဖြစ်ပါတယ်။

"အကြာကြီးသင့်နောက်ကိုလိုက်ခဲ့တာ"ဆိုပြီးကားမောင်းသူကထပ်ပြောပြန်ပါတယ်။

အနောက်ထိုင်ခုံမှာ ထိုင်နေတဲ့အမျိုးသားက၊ Berverly ရဲ့ လက်ကိုဆွဲပြီး သူ့လက်ထပ်လက်စွပ်ကို ဆွဲချွတ်ဖို့ကြိုးစားခဲ့ပါတယ်။ ကားမောင်းသူက "နေပါစေ။ ဘာမှမလုပ်ပါနဲ့တော့" ဆိုပြီး ပြောလိုက်တဲ့အခါ သူက Berverly ရဲ့ လက်ကိုလွှတ်ချလိုက်ပါတယ်။

ကားမောင်းသူက သူ့သူငယ်ချင်းတစ်ယောက် အသတ်ခံခဲ့ရလို့ လက်စားချေဖို့အတွက် Berverly ရဲ့ ကားကိုသုံးဖို့သူစီစဉ်ခဲ့တာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

“ကျွန်မကားထဲကနေထွက်လို့ရမလား” ဆိုပြီး Berverly ကမေးလိုက်တော့၊ “မရဘူး။ ငါတို့ကို သတ်ရမှာ”ဆိုပြီး သူက ပြန်ပြောခဲ့ပါတယ်။

ဒါပေမဲ့ ခဏတဖြုတ်ပဲ၊ သူ့ရဲ့စိတ်ဟာ ပြောင်းလဲသွားခဲ့ပါတယ်။ “ခေါ်ပေးမယ့် တစ်စုံတစ်ဦး ရှိပါရဲ့လား” ဆိုပြီးကားမောင်းသူက မေးခဲ့ပါတယ်။ “ကျွန်မခင်ပွန်းရှိပါတယ်” ဆိုပြီး Berverly က ပြန်ပြောခဲ့ပါတယ်။

“ခေါ်ကြည့်နော်။ သူလာခေါ်လို့ရမလား” ဆိုပြီး ကားမောင်းသူက ပြောခဲ့ပါတယ်။

နောက်ထိုင်ခုံမှာ ထိုင်နေတဲ့အမျိုးသားက Berverly ရဲ့ ပိုက်ဆံအိတ်ကိုဖွင့်ပြီးတော့၊ Berverly ရဲ့ လက်ကိုင်ဖုန်းကို သူမအား လက်လွှဲပြီး ပေးလိုက်ပါတယ်။

Berverly အနေနဲ့ သူ့ခင်ပွန်းကို ဖုန်းခေါ်လိုက်တော့၊ သူဘက်က ဘာမှပြန်မပြောခဲ့ပါ။

အနောက်ထိုင်ခုံမှာ ထိုင်နေတဲ့လူက၊ လက်ကိုင်ဖုန်းကိုဆတ်ခနဲ ပြန်ပြီးလုယူခဲ့ပါတယ်။

ညသန်းခေါင်ယံအချိန်မှာ ကားကိုဆက်မောင်းခဲ့ပါတယ်။ “ကျွန်မကြောက်လန့်နေပါတယ်။ စီဒီဖွင့်လို့ရမလား” ဆိုပြီး Berverly ကပြောခဲ့ပါတယ်။

ဒါပေမဲ့ စီဒီကိုဖွင့်ကြည့်လိုက်တော့၊ စက်ထဲမှာ စီဒီမရှိလို့ သူမက အံ့သြမဆုံးဖြစ်ခဲ့ရပါတယ်။ အဲဒီနေ့မနက်မှာ တက္ကသိုလ်ဘက်ကို ကားဆက်မောင်းရင်း၊ ခရစ်ယာန်တေးဂီတသံတွေကို သူမ နားထောင်ခဲ့မိပါတယ်။ လမ်းတစ်လျှောက်လုံး၊"Jesus, take the wheel" ဆိုတဲ့ သီချင်းကို သူမက သီဆိုခဲ့ပါတယ်။

ယခုအချိန်မှာ၊ Berverly အနေနဲ့ စီဒီဟာ ကြမ်းပြင်ပေါ်ကျနေတာ ဖြစ်မယ်ဆိုပြီး စဉ်းစားခဲ့မိပါတယ်။ သူမက ကြမ်းပြင်ပေါ်ကို ကြည့်လိုက်တော့ စီဒီ တစ်ချပ်ကိုတွေ့ခဲ့ပြီး၊ “ကြမ်းပြင်ပေါ်မှာရှိတယ်။ ကျွန်မစီဒီကို စက်ထဲထည့်မယ်နော်ဆိုပြီး သူမက ပြောခဲ့ပါတယ်။

သီချင်းတစ်ပုဒ်အသံစထွက်လာခဲ့ပြီး Berverly လိုချင်တဲ့ စီဒီတော့ မဟုတ်ခဲ့ပါ။ သူမအနေနဲ့ အဲဒီစီဒီဟာ ဘယ်ကလဲဆိုတာ မသိခဲ့ပါ။ တစ်စုံတစ်ဦးက၊ "Jehovah, I Trust in You" ဆိုတဲ့ သီချင်းကို သီဆိုခဲ့ပါတယ်။

အနောက်ထိုင်ခုံက အမျိုးသားဟာ ညည်းညူခဲ့ပါတယ်။ ကားမောင်းသူကတော့ ဘာမဆို စီစဉ်တဲ့သူဖြစ်ပါတယ်။

“ကျွန်တော်တို့က ကားနံပါတ်ရေးတဲ့ သံပြားကို လဲရမှာဖြစ်တယ်။ ရဲတွေက သင့်ကားကိုမနက်ဖြန် တွေ့သွားလိမ့်မယ်” ဆိုပြီး သူက ပြောခဲ့ပါတယ်။

သူ့အနေနဲ့ Berver ကို ထွက်သွားစေချင်ပါတယ်။ ဒါပေမဲ့ Berverly ကတော့အမှောင်ထဲမှာ ပိုက်ဆံတစ်ကျပ်မှမပါပဲ ထွက်မသွားခဲ့ပါ။

"ကျွန်မမှာ ပိုက်ဆံတစ်ကျပ်မှမရှိတော့ဘူး။ ဘယ်လို အိမ်ပြန်ရမှာလဲ" ဆိုပြီး သူမက ပြန်ပြောခဲ့ပါတယ်။

ကားမောင်းသူက Berverly ကို ပိုက်ဆံတစ်ချို့ပေးဖို့ သူ့အဖော်တွေကို ပြောပြလိုက်ပါတယ်။

"ဘယ်လောက်ပေးရမှာလဲ။ ဒေါ်လာ ၂၀ လား" ဆိုပြီး သူ့အဖော်က ပြောလိုက်ပါတယ်။

"ကျွန်မပိုက်ဆံအိတ်ထဲမှာ ဒေါ်လာ ၁၀၀၀ ရှိတယ်" ဆိုပြီး Berverly က ပြောခဲ့ပါတယ်။

အဲဒီနေ့မှာ၊ အိမ်သုံးပစ္စည်းတွေဝယ်ဖို့ ဘဏ်ကနေ ပိုက်ဆံထုတ်ပြီးတော့ အိမ်ကိုယူသွားဖို့ဖြစ်တယ်။ အနောက်ထိုင်ခုံမှာ ထိုင်နေတဲ့လူဆိုးက သူ့ပိုက်ဆံကို အသေအချာတွေ့ရမှာဖြစ်မယ်လို့ ပြောလိုက်ပါတယ်။ သူမအနေနဲ့ သေချာကြောင်း ကားမောင်းသူကိုသိစေချင်ခဲ့ပါတယ်။

"ဒေါ်လာ ၁၀၀ ပေးလိုက်ပါ" ဆိုပြီး ကားမောင်းသူက ပြောခဲ့ပါတယ်။

Berverly က ပိုက်ဆံလက်ခံပြီးတာနဲ့ ကားကိုချက်ချင်းရပ်ပြီး၊ "အမြန်ထွက်လိုက်တော့" ဆိုပြီး ကားမောင်းသူကအမိန့်ပေးခဲ့ပါတယ်။ ပြီးတော့၊ သူမက လမ်းကိုဖြတ်ကူးပြီး အငှားကားနဲ့ အိမ်သို့ပြန်လာခဲ့ပါတယ်။

ယနေ့အထိတိုင်၊ Berverly အနေနဲ့၊ သခင်ဘုရားက ဘာဖြစ်လို့ ဒီလောက်ကြောက်မက်ဖွယ်ကောင်းပြီးခက်ခဲတဲ့စမ်းသပ်မှုကို သူ့အတွက် ခွင့်ပြုခဲ့ရတာလဲ ဆိုတာ သူမ နားမလည်ခဲ့ပါ။

ဒါပေမဲ့ ဖြစ်ပျက်ခဲ့တဲ့အရာတွေကို သူမအနေနဲ့ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါ၊ သခင်ဘုရားက သူမရဲ့ဂရုစိုက်မှုရရှိဖို့အတွက်၊ "သင့်အသက်တာမှာ ငါ့ကိုယုံကြည်ကိုးစားလိုက်စမ်းပါ" ဆိုပြီး ပြောနေသယောင် ဖြစ်ခဲ့ပါတယ်။

စဉ်းစားစရာတစ်ခုကတော့၊ ကားပြန်ပြေးဆွဲမှုမတိုင်ခင် မနက်ပိုင်းမှာ၊ 'Jesus take the wheel' ဆိုတဲ့သီချင်းကိုသူမက သီဆိုခဲ့ပါသေးတယ်။ ဒါပေမဲ့ သခင်ဘုရားရဲ့ ကွယ်ကာစောင့်ရှောက်မှုအတွက် ဆုမတောင်းခဲ့ပဲ တစ်နေကုန်အချိန်ကိုဖြုန်းတီးနေခဲ့မိပါတယ်။

သူမရဲ့ ကားဆုံးရှုံးမှုဟာ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ပထမအကြိမ်မှာ သူ့အိမ်ရှေ့မှာသူ့ကားက ပျောက်ဆုံးသွားခဲ့ပါတယ်။ ဒုတိယအကြိမ်မှာ၊ ကားမတော်တဆတိုက်မှုကြောင့် သူ့ကားပျက်စီးသွားခဲ့ပါတယ်။

ကားပြန်ပေးဆွဲခံရပြီးတဲ့နောက် တက်စီနဲ့အိမ်ပြန်လာရင်း တက်စီကားရဲ့ ဖုန်းစပီကာမှ၊ 'How many times must I pass you through the same things

to shoe you how much I love you' ဆိုတဲ့သီချင်းကို သူမကနားထောင်တဲ့အခါ သူ့ဘဝနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ခဲ့ရပါတယ်။

ရဲတွေက Beverly ကားကို ပြန်မတွေ့တော့ပါ။ ဒါပေမဲ့ သူမအနေနဲ့ မညည်းညူတော့ပါ။ ကားပြန်ပေးဆွဲမှုဟာသူမအတွက် အသက်တာပြောင်းလဲဖို့ဖြစ်တယ်လို့ သူမက ပြောခဲ့ပါတယ်။

ယခုအချိန်မှာ သူမအနေနဲ့ သူ့အသက်တာတစ်လျှောက်လုံး၊ သခင်ဘုရားကို ယုံကြည်ကိုးစားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

"ကားအခိုးခံရတဲ့ လူအများစုဟာ အသတ်ခံရတာများပါတယ်။ ကျွန်မ ဘာဖြစ်လို့ အသက်ရှင်ရတာလဲဆိုတာ ကျွန်မ မသိပါ။ ခရစ်ယာန်တွေအနေနဲ့ အခြေအနေတိုင်းမှာ သခင်ဘုရားကို ယုံကြည်ကိုးစားဖို့ လိုအပ်ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီကမ္ဘာ့သာသနာသတင်းက ၂၀၁၈ ခုနှစ်မှာ တက္ကသိုလ်ဘုရားကျောင်းတစ်ဆောင် တည်ဆောက်ဖို့အတွက် ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကိုလက်ခံရရှိခဲ့တဲ့ "ထရိနီဒက်" နိုင်ငံနဲ့ တောင်ပိုင်း ကာရေဗီရံ တက္ကသိုလ်မှ လူတွေရဲ့အသက်တာကို စီစဉ်တင်ပြထားတာဖြစ်ပါတယ်။

ယခုအချိန်မှာ၊ Berverly က သူအလုပ်လုပ်နေတဲ့ တက္ကသိုလ်ကသာသနာပြုဆရာတွေကို သင်ကြားပေးဖို့ ဌာနတစ်ခုဖွင့်ဖို့ရန်အတွက် ၂၀၂၂ ခုနှစ်က၊ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို လက်ခံရရှိခဲ့ပါတယ်။

"ထရိနီဒက်" နိုင်ငံနဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ နေထိုင်တဲ့လူတွေက၊ သခင်ဘုရားကို ယုံကြည်ကိုးစားဖို့ သင်ပေးရာမှာကူညီထောက်ပံ့တဲ့ သင်တို့ရဲ့ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

# "သင့်ကို ငါလိုအပ်တယ်"

ဩဂုတ်လ (၁၀)ရက်၊ တင်ပြသူ-Faith, Trinidad & Tobagoနိုင်ငံ
(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

အသက် ၁၁ နှစ်အရွယ်ရှိတဲ့ Faith ဟာ အိမ်မှာတစ်ယောက်တည်းရှိနေခဲ့ပြီး၊ သူ့ကျောင်းဝတ်စုံပေါ်မှာ ကြယ်သီးတွေချုပ်တာ ညအချိန်မှာပဲ လုပ်ခဲ့ပါတယ်။ သူမအနေနဲ့ ကပ်ကြေးတစ်လက်ကို ကောက်ယူခဲ့ပြီး၊ သူ့လက်မောင်းတွေကို သွေးထွက်တဲ့အထိ တစ်ဖြည်းဖြည်းနဲ့လှီးဖြတ်ခဲ့ပါတယ်။ သူ့ခေါင်းဟာ ပေါ့လာခဲ့ပြီးတော့၊ မူးလဲတော့မယ်လို့ သူမ စဉ်းစားခဲ့ပါတယ်။

Faith ရဲ့အသက်တာဟာ လွန်ခဲ့တဲ့လအနည်းငယ်တုန်းက၊ သူ့အမေအနေနဲ့ အရေးပေါ်ခွဲစိတ်ကုသမှုခံယူရတဲ့အခါ စိတ်ဟာတက်လိုက်ကျလိုက်ဖြစ်နေခဲ့ပါတယ်။ ဆေးရုံမှာ အမေပြန်နလန်ထလာတဲ့အခါ၊ "ထရီနီဒက်" နိုင်ငံရဲ့ "ကာရေဗီရံ"ကျွန်းပေါ်မှာ သူမတစ်ယောက်ထဲ၊ အိမ်မှာ ခြောက်လနေခဲ့ရပါတယ်။

ထုံးစံအတိုင်းဆိုရင်၊ အသက်ပိုကြီးတဲ့ အစ်ကိုအစ်မတွေ ဒါမှမဟုတ် အိမ်နီးချင်းတွေအနေနဲ့ အဲဒီလိုအခြေအနေမျိုးမှာ လာရောက်ပြီး ကူညီခဲ့ကြပါတယ်။ ဒါပေမဲ့ Faith မှာ ညီကိုမောင်နှမ တစ်ယောက်မှမရှိခဲ့ပါ။ အိမ်နီးချင်းတွေကလည်း သူမတစ်ယောက်တည်းအိမ်မှာနေမှန်း မသိခဲ့ကြပါ။ သူမအနေနဲ့လည်း သူတို့ကိုပြောပြဖို့ မစဉ်းစားခဲ့ပါ။

အခြားနေရာမှာ နေထိုင်ခဲ့တဲ့ သူ့အဖေက တစ်ပတ်မှာ တစ်ခါ ဒါမှမဟုတ် နှစ်ခါ လာလည်ခဲ့ပါတယ်။

သူလာလည်တဲ့အခါတိုင်းမှာ၊ "သမီးရယ် နေကောင်းသလား" ဆိုပြီး မေးလိုက်တဲ့အခါ၊ "ကျွန်မနေကောင်းပါတယ်"ဆိုပြီး အမြဲပဲ ပြောခဲ့ပါတယ်။

တစ်ကြိမ်ကြိမ်မှာ၊ အဖေက သူမကိုပိုက်ဆံပေးပြီးတော့ ပြန်ပြီး ထွက်သွားခိုင်းခဲ့ပါတယ်။ Faith အနေနဲ့ သူ့အသက်တာကို အဖေ့ဆီမှာ ပြောမပြခဲ့ပါ။ သူနားလည်သဘောပေါက်လိမ့်မယ်လို့ ၊ သူမ ၊ မစဉ်းစားခဲ့ပါ။

Faith အနေနဲ့ သူ့ဟာသူ ထမင်းနဲ့ပဲဟင်းချက်စားခဲ့ပါတယ်။ ဆန်နဲ့ပဲကုန်သွားတဲ့အခါ၊ အဖေပေးတဲ့ပိုက်ဆံတွေ၊ အမေချန်ထားပေးခဲ့တဲ့ ပိုက်ဆံတွေနဲ့၊ သူမက ပေါင်မုန့်၊ ထောပတ်နဲ့ ဒိန်ခဲတွေကိုဝယ်စားခဲ့ပါတယ်။ သူ့ဟာသူ စက်ချုပ်တတ်ဖို့ကြိုးစားရင်း သူ့အကျႌတွေကို ပြန်ချုပ်ခဲ့ရပါတယ်။

နေ့အချိန် မိန်းကလေးတွေပဲ တက်တဲ့ကျောင်းမှာ သူမကျောင်းတက်ခဲ့ပါတယ်။ အရင်တုန်းက သူမကအနိုင်ကျင့်ခံခဲ့ရပြီး၊ အမေဆေးရုံမှာ ဆေးကုသမှုခံယူတဲ့ နောက်

ပိုင်းမှာ ပြဿနာဟာ ပိုပြီးဆိုးရွားလာခဲ့ပါတယ်။ မိန်းကလေးတွေက Faith ရဲ့အလေးချိန်၊ ရုပ်ဆင်းအသွင်အပြင်နဲ့ စွမ်းရည်ကို ခနဲ့တဲ့တဲ့နဲ့ပြောဆိုခဲ့ကြပါတယ်။ အစမှာ သူတို့ဟာ မိတ်ဆွေတွေဖြစ်လာဖို့မျှော်လင့်ပြီး၊ Faith ကတော့သနားကြင်နာမှုနဲ့ ပြန်ပြီးတုံ့ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှထူးခြားမှုမရှိသလိုပါပဲ။ မိမိကိုယ်ကိုတန်ဖိုးထားမှုဟာ ပျောက်ဆုံးသွားပြီး၊ သူမအနေနဲ့ သူ့ကိုယ်သူမုန်းတီးလာခဲ့ပါတယ်။

မိနစ်၃၀ လောက် ကားမောင်းပြီးသွားရတဲ့ဆေးရုံမှာ၊ တစ်စုံတစ်ဦးက သူ့ကားနဲ့လိုက်ခဲ့ပါလား၊ အမေ့ဆီကိုသွားလည်လို့ရတယ်ဆိုပြီး ပြောခဲ့ပါတယ်။ အမေဟာ အရမ်းအားနည်းပြီး အသက်ရှင်လို့မရတော့သလိုဖြစ်ခဲ့ပါတယ်။ Faith က အမေကို တွေ့တဲ့အခါ ငိုကြွေးခဲ့ပါတယ်။ အမေ့ဆီမှာ အနိုင်ကျင့်ခံရတာကို ပြောပြချင်ပေမယ့် ပြောလို့မရခဲ့ပါ။

ကျောင်းမှာ၊ အနိုင်ကျင့်မှုတွေပိုပြီး ပြင်းထန်လာခဲ့ပါတယ်။ တစ်နေ့မှာ၊ မိန်းကလေးတစ်ယောက်က၊ "မင်းကမိမိကိုယ်ကိုသတ်သေရမှာ။ မင်းသေမှ သူများတွေပျော်မှာ" ဆိုပြီး ပြောခဲ့ပါတယ်။

Faith က ယုံကြည်ခဲ့ပါတယ်။ သူမအနေနဲ့ စော်ကားခံရမှုဟာ ထိုက်တန်တယ်လို့ စဉ်းစားခဲ့မိပါတယ်။ ပြီးတော့၊ မိတ်ဆွေတွေရဲ့မေတ္တာနဲ့ အခြားကောင်းတဲ့အရာတစ်ခုခုဟာ သူမနဲ့မထိုက်တန်ဘူးလို့ သူမ စဉ်းစားခဲ့မိပါတယ်။ သူမဟာ သူ့ကိုယ်သူထိခိုက်နစ်နာအောင် အစာငတ်ခံခဲ့ပါတယ်။ လက်သည်းတွေကိုအရှည်ကြီးထားပြီး သွေးထွက်တဲ့အထိ သူ့ရဲ့ခန္ဓာကိုယ်ကိုကုတ်ခြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ သူမက တစ်စုံတစ်ခုကိုခံစားချင်လို့ ဓားတွေ၊ ကတ်ကြေးတွေကို သုံးလာခဲ့ပါတယ်။ သူ့အမှတ်တွေဟာ ဘီ ကနေ အက်ဖ် အထိကျဆင်းခဲ့ပါတယ်။

တစ်ညမှာ၊ ကတ်ကြေးနဲ့ မိမိကိုယ်ကို သတ်သေဖို့ သူမက ဆုံးဖြတ်ခဲ့ပါတယ်။

သူမဟာ မူးဝေလာခဲ့ပြီး၊ သူ့ခေါင်းထဲမှာ၊ အမေ့အသံနဲ့တူတဲ့ အသံတစ်ခုကို ခဏလေး သူမ ကြားခဲ့ရပါတယ်။

"သင့်ကို ဘယ်သူကမှ မလိုအပ်သည့်တိုင်၊ တစ်စုံတစ်ဦးထက် သင့်ကို ကျွန်မလိုအပ်ပါတယ်" ဆိုပြီး အသံတစ်ခုကို ကြားခဲ့ရပါတယ်။

ခဏတဖြုတ်အတွင်းမှာပဲ၊ သူ့ဟာသူသတ်မသေဖို့ Faith က ဆုံးဖြတ်ခဲ့ပါတယ်။ အမေ့အတွက် သူမအသက်ရှင်ရမှာဖြစ်ပါတယ်။ သူ့ဟာသူထဖို့ကြိုးစားရင်း သူ့လက်မောင်းကအနာတွေကို ပတ်တီးစည်းခဲ့ပါတယ်။

နောက်တစ်နေ့မှာ၊ ကျောင်းဆရာမက Faith နဲ့ စကားပြောခဲ့ပြီး ပတ်တီးစည်းတာကို သတိပြုမိခဲ့လို့၊ "နေကောင်းပါသလား" ဆိုပြီး မေးခဲ့ပါတယ်။

Faith အနေနဲ့ ခံစားချက်တွေပြင်းထန်လွန်းလို့ ငိုကြွေးခဲ့မိပါတယ်။ ဆရာမလည်း ငိုကြွေးခဲ့ပါတယ်။

“အစာစားနေပါသလား” ဆိုပြီး မေးလိုက်တော့၊ “မစားပါဘူး။ ကျွန်မကိုယ်တိုင်ကအစာငတ်ခံတာပါ” ဆိုပြီးပြောခဲ့ပါတယ်။

အဲဒီနေ့ကနေ စပြီးတော့၊ ကျောင်းဆရာမက Faith ကို ဂရုတစိုက်ကြည့်ရှု စောင့်ရှောက်ခဲ့ပါတယ်။ အဲဒါနဲ့ အနိုင်ကျင့်မှုဟာ လျော့ပါးကျဆင်းလာခဲ့ပြီး၊ နောက်ဆုံးမှာရပ်တန့်သွားခဲ့ပါတယ်။

အဲဒီနောက် အမေ့အိမ်သို့ပြန်လာခဲ့ပါတယ်။ အဲဒီနေ့ဟာ အံ့ဩဖွယ်ကောင်းတဲ့နေ့ဖြစ်ပါတယ်။ Faith အနေနဲ့အမေ့ကိုအားလုံးဖွင့်ပြောပြခဲ့ပါတယ်။ အမေကနားထောင်ရင်းငိုကြွေးခဲ့ပါတယ်။ Faith ရဲ့ လက်ကိုမြဲမြဲဆုပ်ကိုင်ပြီးတော့၊ “ဘယ်လိုပဲဖြစ်ဖြစ်၊ မိမိကိုယ်ကို ဘယ်တော့မှမနာကျင်စေဖို့ ကတိပေးမလား။ ကျွန်မထံကနေထွက်သွားဖို့အတွက် ဘယ်တော့မှမကြိုးစားဖို့ ကတိပေးပါ။ သမီးကို အလွန်မှပင် ကျွန်မလိုအပ်ပြီး၊ ချစ်ပါတယ်နော်” ဆိုပြီး အမေက ပြောခဲ့ပါတယ်။

Faith အနေနဲ့လည်း မျက်ရည်မျက်ခွက်နဲ့၊ “ကျွန်မကတိပေးပါတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

သူ့စာအမှတ်တွေညံ့လို့ Faith အနေနဲ့ နောက်နှစ်မှာ ပြန်သင်ရမှာဖြစ်ပါတယ်။ သူဟာ စိတ်ဓာတ်ကျပေမဲ့၊ အမေကအဲ့ဒါဟာ အကောင်းဆုံးဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ တကယ်ပဲ အကောင်းဆုံးဖြစ်ခဲ့ပါတယ်။ သူ့အတန်းဖော်ဟောင်းတွေကိုစွန့်ပြီး၊ သူ့ကိုချစ်တဲ့ အသစ်သောအတန်းဖော်တွေနဲ့အတူ ပညာသင်ခဲ့ပါတယ်။ သူ့အနေနဲ့ကောင်းတဲ့မိတ်ဆွေတွေရခဲ့ပါတယ်။

သူမအနေနဲ့ ဖြစ်ပျက်ခဲ့တဲ့အရာတွေကို ပြန်စဉ်းစားကြည့်တဲ့အခါ၊ သူမတကယ့်တကယ်လိုအပ်နေတဲ့အချိန်မှာ သခင်ဘုရားက သူ့အမေရဲ့အသံကိုပို့လိုက်ခြင်းဖြင့် သူ့အသက်တာကို ကယ်တင်ခဲ့တယ်လို့ သူမက ယုံကြည်ခဲ့ပါတယ်။

“ကျွန်မ မဖော်ပြတတ်ပါဘူး။ ကျွန်မတစ်ယောက်တည်းပဲ အိမ်မှာရှိနေပြီးတော့၊ ကျွန်မစိတ်ထဲမှာ အမေ့ရဲ့အသံကိုကြားရသလို ခံစားခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်မအလိုအပ်ဆုံးပုဂ္ဂိုလ်ဟာ အမေပဲဖြစ်တယ်လို့ မှန်းဆခဲ့ပါတယ်။ အဲ့ဒီအသံဟာ ကျွန်မလိုအပ်နေတဲ့အရာကိုသိတဲ့၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်မှာပဲ” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

အနိုင်ကျင့်မှုနဲ့ရင်ဆိုင်နေရတဲ့ လူငယ်တွေထံမှာ သူမက၊ “ကျွန်မရဲ့ အသက် ၁၁နှစ်အရွယ်ကို ပြန်သွားလို့ရမယ်ဆိုရင်၊ ကိုယ့်ကိုကိုယ် ‘ဘာမဆိုအဆင်ပြေချောမွေ့လာမှာပါ။ သင့်ကိုချစ်ပြီးတော့၊ တန်ဖိုးထားတဲ့ဘုရားကို ပထမဆုံးနေရာမှာထားရမှာဖြစ်ပြီး ဘာမဆို အဆင်ပြေချောမွေ့သွားမှာဖြစ်ပါတယ်’ ဆိုပြီး ပြောပြရမှာ” လို့ ပြောခဲ့ပါတယ်။

ဒီကမ္ဘာ့သာသနာသတင်းက ၂၀၁၈ ခုနှစ်မှာ၊ တက္ကသိုလ်ဘုရားကျောင်း တစ်ဆောင် တည်ဆောက်ဖို့အတွက် ၁၃ ပတ် ဥပုသ်နေ့အလှူငွေတစ်ချို့လက်ခံရရှိခဲ့တဲ့ Faith ရဲ့ ဇာတိမွေးရပ်မြို့နားက ထရီနီဒက်နိုင်ငံရဲ့တောင်ပိုင်း ကာဘီရံတက္ကသိုလ်မှ၊ လူတွေရဲ့ အသက်တာနဲ့ စိန်ခေါ်မှုတွေကို စီစဉ်တင်ပြထားတာဖြစ်ပါတယ်။

မြော်လင့်ခြင်းသာသနာဌာနမှ သာသနာ့ဝန်ထမ်းတွေအနေနဲ့ တက္ကသိုလ်က သူ့ရဲ့ဖြစ်ရပ်မှန်ဝတ္ထုကို ကြားနာဖို့အတွက် Faith နဲ့ ဆုံတွေ့ခဲ့ကြပါတယ်။

အမေရိကန် စပ်ကြား ဒီဗီဇီ တစ်ဝှမ်းလုံးမှာ နေထိုင်တဲ့လူငယ်တွေအတွက် မျှော်လင့်ချက်တွေကို ယူလာရာမှာကူညီထောက်ပံ့မှာဖြစ်လို့၊ သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ဘုရားရှင်ထံ ပြန်လာတယ်"

ဩဂုတ်လ (၁၇) ရက်၊ တင်ပြသူ-ဝေလင်တန်၊ ကိုလန်ဗီယာနိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

"ဝေလင်တန်" အနေနဲ့ ကိုလံဘီယာနိုင်ငံ၊ ဘိုဂိုတာမြို့မှာ၊ ဥပုသ်တော်နေ့ တစ်နေ့ ဘုရားကျောင်းတက်အပြီးမှာ၊ ပထမအကြိမ်အရက်သွားသောက်ခဲ့ပါတယ်။ သူ့အသက်ဟာ ၁၄ နှစ်အရွယ်ရှိပြီး၊ သူငယ်ချင်းတွေရဲ့ဖိအားပေးမှုကြောင့် သူအရက်သောက်ခဲ့တာဖြစ်ပါတယ်။

အဲဒီနေ့ကနေစပြီးတော့၊ နေ့စဉ်ရက်ဆက် နောက်၂၄နှစ်တိုင်တိုင် အရက်သောက်ခဲ့ပါတယ်။

သူ့အသက် ၁၇ နှစ်အရွယ်ရောက်တဲ့အခါ၊ သူ့မိဘတွေရဲ့အိမ်ကနေရွှေ့ပြောင်းခဲ့ပါတယ်။ အဲဒီနောက်မှာ သူ့ရည်းစားနဲ့ထပ်ပြီးရွှေ့ပြောင်းသွားခဲ့ပါတယ်။ သူမနဲ့ ၂၁ နှစ်တိုင်နေထိုင်ခဲ့ကြပြီး၊ သားနှစ်ယောက် ထွန်းကားခဲ့ပါတယ်။ အခွင့်အခါရတိုင်း သူအရက်သောက်ခဲ့ပါတယ်။ အရက်အရမ်းသောက်လို့ သူအလုပ်မရှိခဲ့ပါ။

တစ်နေ့မှာ၊ သူ့အဖေသူငယ်ချင်းတစ်ဦးဟာ သူ့အိမ်ကိုလာလည်ပြီး အရက်မူးနေတာကို တွေ့ခဲ့ရပါတယ်။

သူ့အဖေသူငယ်ချင်း Jaime က၊ "ဝေလင်တန်ရယ်၊ သင့်အဖေကိုငါသိတယ်။ ဘုရားရှင်ထံ သင်ပြန်လာလို့ရတယ်နော်" ဆိုပြီး ပြောခဲ့ပါတယ်။

"ဦးလေးကမြော်လင့်ခြင်းအသင်းသားလား" ဆိုပြီး ဝေလင်တန်က မေးခဲ့ပါတယ်။

"ဟုတ်ပါတယ်" ဆိုပြီး Jaime က ပြန်ပြောတဲ့အခါ၊ "ဦးလေးကမြော်လင့်ခြင်းအသင်းသားတစ်ဦး ဟုတ်တယ်ဆိုရင် ကျေးဇူးပြုပြီး သီချင်းနံပါတ် ၅၀၀၊ 'Far Beyond the Sun' ကိုသီဆိုပေးပါ" ဆိုပြီး ဝေလင်တန်က တောင်းဆိုခဲ့ပါတယ်။

Jaime က သီချင်းဆိုလိုက်တော့ ဝေလင်တန်က ငိုကြွေးခဲ့ပါတယ်။ ဝေလင်တန် အနေနဲ့သူကြိုက်နှစ်သက်တဲ့ ရှင်ယောဟန် ၃း၁၆ ကို အလွတ်ရွတ်ပြခဲ့ပါတယ်။

အဲဒီနေ့ဟာ သူတို့အတွက် မိတ်သဟာယဖွဲ့မှုအသစ်ရဲ့ အစ ဖြစ်ခဲ့ပါတယ်။

Jaime အနေနဲ့ နောက်သုံးနှစ်တိုင်၊ ဝေလင်တန် ထံသွားလည်ခဲ့ပြီး၊ "ကျေးဇူးပြုပြီး ဘုရားရှင်ထံ ပြန်လာပါ" ဆိုပြီး ပြောပြခဲ့ပါတယ်။

ဝေလင်တန်အနေနဲ့ အမြဲပဲ၊ "ကျွန်တော်ပြန်လာပါ့မယ်။ စိတ်မပူပါနဲ့" ဆိုပြီး ပြောခဲ့ပေမဲ့ သူပြန်မလာခဲ့ပါ။

Jaime အနေနဲ့ သမ္မာကျမ်းစာသင်ပေးပေမယ့် ဝေလင်တန် ကစိတ်မဝင်စားခဲ့ပါ။ သူက Jaime ကို သဘောကျပေမဲ့၊ ဘုရားရှင်နဲ့ အချိန်မျှမသုံးချင်ခဲ့ပါ။

ယခုထက်ထိတိုင်အောင်၊ တနင်္ဂနွေနေ့မှာ ဘုရားကျောင်းတက်ခဲ့တဲ့ သူ့ဇနီးနဲ့ သားနှစ်ယောက်ထံမှာ သတ္တမနေ့ဥပုသ် ကို ပြောပြခဲ့မိပါတယ်။

"ဟိုအသင်းတော်မှာ သင်တို့သွားစရာမလိုပါဘူး။ အဲဒါဟာ အချိန်အလကားဖြုန်းနေတာပဲ။ သင်တို့အနေနဲ့အမြော်အမြင်ရှိရှိနဲ့ အချိန်သုံးစွဲချင်တယ်ဆိုရင် သတ္တမနေ့အသင်းတော်မှာ သင်တို့သွားရမှာ" ဆိုပြီး ဝေလင်တန်က ပြောခဲ့ပါတယ်။ ဝေလင်တန်က ပုံမှန်အရက်သောက်နေတော့ ဝင်ငွေမရှိပဲ အကြွေးတွေတင်ခဲ့ပါတယ်။

တစ်ညနေမှာ၊ Jaime ဟာ ဝေလင်တန်ရဲ့အိမ်မှာ၊ မြော်လင့်ခြင်းပါစတာ တစ်ဦးနဲ့၊ အသင်းသားတွေ အများကြီးအတူတကွရောက်လာခဲ့ကြပါတယ်။ အရှေ့တံခါးပေါက်ဖွင့်ထားလို့ ဝေလင်တန် မသိတဲ့အချိန်မှာ သူတို့ အိမ်ထဲဝင်လာခဲ့ကြပါတယ်။

ပါစတာက ငါးမိနစ်ကြာ တရားဟောခဲ့ပါတယ်။ ဒါပေမဲ့ ဝေလင်တန်အနေနဲ့ ပါစတာရဲ့တရားဟောချက်ကိုမကြားခဲ့ပါ။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အသံကို ကြားနေရသလို သူခံစားခဲ့ရပြီး၊ တရားဟောချက်ကသူ့နှလုံးသားကိုထိတွေ့စေခဲ့ပါတယ်။

ပြီးတော့၊ Jaime က မြော်လင့်ခြင်းအသင်းတော်မှာ စပြီးပြုလုပ်တဲ့တရားပွဲမှာ သူ့ကို ခေါ်ဖိတ်ခဲ့ပါတယ်။

"သင့်အမေက သင့်ကို လာခေါ်ခိုင်းတာ။ ဘုရားရှင်ထံပြန်လာပါ" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဧည့်သည်ထွက်သွားပြီးတဲ့နောက်မှာ၊ ဝေလင်တန်အနေနဲ့ သူ့မိသားစုနဲ့အတူ အိမ်မှာနေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အသက် ၁၂ နှစ်အရွယ်ရှိတဲ့ သူ့သားဟာ သူ့ထံသို့လာပြီး၊ "အဖေရယ်၊ မြော်လင့်ခြင်းအသင်းတော်ဟာ မှန်ကန်တဲ့အသင်းတော်ဖြစ်တယ်လို့ ကျွန်တော်တို့အဖေ ပြောပြခဲ့ဘူးတယ်။ ကျေးဇူးပြုပြီး အဲဒီအသင်းတော်မှာ သွားကြရအောင်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

အဲဒီစကားဟာ ဝေလင်တန်ရဲ့နှလုံးသားကို ကျိုးပဲ့စေခဲ့ပါတယ်။ သူ့အနေနဲ့ မြော်လင့်ခြင်းအသင်းတော်က တရားပွဲမှာ သူ့မိသားစုကို ခေါ်ဆောင်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီညမှာ တရားဟောချက်ကို ဝေလင်တန် အနေနဲ့ အံ့ဩမဆုံးဖြစ်ခဲ့ပါတယ်။ သူ့အနေနဲ့၊ "ဒီပါစတာက သူ့အကြောင်းကိုဒီလောက်တောင်သိရသလား" ဆိုပြီး ကိုယ့်ကိုကိုယ် ပြန်မေးခဲ့မိပါတယ်။၏

သူ့အနေနဲ့ အရှေ့ဖက်ကိုမသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူ့အနေနဲ့ အခြားလူ ၁၇ ဦးနဲ့အတူမတ်တတ်ရပ်နေခဲ့မိတယ်။

သူက၊ "ဘုရားရှင်၊ ကျွန်တော်ဒီမှာနေလို့ မရဘူး။ ဒီညမှာ ကျွန်တော်အရက်သောက်မှာကို ဘုရားရှင်က သိပါတယ်" ဆိုပြီး တိတ်တဆိတ် ဆုတောင်းခဲ့ပါတယ်။

တရားပွဲပြီးတာနဲ့ သူ အရက်ဆိုင်သို့သွားခဲ့ပါတယ်။ သူအရက်သောက်ရင်း တရားဟောချက်ကို ဆင်ခြင်သုံးသပ်ခဲ့ပါသေးတယ်။ သူ့အတွင်းထဲမှာ တစ်စုံတစ်ရာဟာ ထူးခြားနေတယ်လို့ ခံစားခဲ့ရပါတယ်။

သုံးပတ် ကျော်လွန်ခဲ့ပြီဖြစ်ပြီး သူက အရက်သောက်နေတုန်းပါ။ သူအရက်သောက်တိုင်းသောက်တိုင်း သန့်ရှင်းသောဝိညာဉ်တော်က၊ "သင်က အရက်ဖြတ်ဖို့အသေအချာဆုံးဖြတ်တယ်ဆိုရင် သင်အရက်ဖြတ်ဖို့ ငါကူညီမစမယ်" ဆိုပြီး ပြောနေသလို သူက ခံစားခဲ့ရပါတယ်။

စတုတ္ထအပတ်မှာ၊ သူ့အနေနဲ့၊ "ကျွန်တော်ဒီလိုဆက်နေလို့မရဘူး။ ဘုရားရှင်အတွက် ဒါမှမဟုတ် အရက်အတွက်ဆုံးဖြတ်ချက်တစ်ခုတော့ ကျွန်တော်ဆုံးဖြတ်ရမှာ" ဆိုပြီးဆုတောင်းခဲ့ပါတယ်။ မနက်ပိုင်းမှာ သူက၊ "ဘုရားရှင်၊ ဒီနေ့မှာကျွန်တော့်ကို အရက်ဖြတ်ဖို့ ကူညီမစပါ" ဆိုပြီး ဆုတောင်းခဲ့ပါတယ်။

အဲဒီနေ့မှာ တစ်နေကုန် သူအရက်မသောက်ခဲ့လို့ ကိုယ့်ကိုကိုယ်အရမ်းအံ့သြမိပါတယ်။ အဲဒါဟာ အသက်၁၄ နှစ်အရွယ် သူအရက်စသောက်တဲ့အချိန်ကစပြီး ပထမဆုံးအောင်မြင်မှုဖြစ်ပါတယ်။"ကျွန်တော့်အနေနဲ့ ဘယ်တော့မှအရက်ဖြတ်လို့ရမှာမဟုတ်ဘူးလို့ စဉ်းစားခဲ့မိပါတယ်။ ဒါပေမဲ့ ဘုရားရှင်က မစကူညီခဲ့ပါတယ်" ဆိုပြီး သူက အံ့အားသင့်ပြီးပြောခဲ့ပါတယ်။ Jaime ဟာ အဲ့တာကိုကြားပြီး အထူးနှစ်သက်ခဲ့မိပါတယ်။ ဝေလင်တန်ဟာ တကယ်ပဲ ဘုရားရှင်ထံပြန်လာပါပြီ။

ဒီကမ္ဘာ့သာသနာသတင်းက ကိုလံဘီယာနိုင်ငံက လူတွေရဲ့အသက်တာနဲ့ စိန်ခေါ်မှုတွေကို စီစဉ်တင်ပြထားတာဖြစ်ပါတယ်။

ဒီကွာတာမှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ကိုလံဘီယာနိုင်ငံက အရက်နဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ကလေးတွေကို မစကူညီဖို့၊ သြဇာလွှမ်းမိုးမှုဌာနနှစ်ခု ဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ ရက်ရောစွာ ထည့်ဝင်လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# “ရှင်ပေါလုရဲ့ ခြေလှမ်းအတိုင်း”

ဩဂုတ်လ (၂၄)ရက်၊ တင်ပြသူ- ဝေလင်တန်၊ ကိုလံဗီယာနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

“ဝေလင်တန်” ရဲ့အသက်တာဟာ ကိုလံဘီယာနိုင်ငံ၊ ဘိုဂိုတာမြို့မှာ၊ အရက်ဖြတ်ပြီးတဲ့နောက် စတင်ပြီးပြောင်းလဲလာခဲ့ပါတယ်။ သူဟာအလုပ်တစ်ခုရရှိခဲ့ပြီး၊ သူ့အကြွေးတွေကိုပြန်ဆပ်ခဲ့ပါတယ်။ ပြီးတော့၊ ထုံးတမ်းစဉ်လာ ဥပဒေအရ အတူနေခဲ့တဲ့ သူ့ဇနီးနဲ့ သူအိမ်ထောင်ပြုခဲ့ပါတယ်။

“ဝေလင်တန်” ဟာ သူ့ဇနီး၊ သူ့သားတို့နဲ့အတူ ရေနှစ်ခြင်းခံခြင်းအားဖြင့် ဘုရားရှင်ထံ သူတို့ရဲ့စိတ်နှလုံးသားကို ဆက်ကပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

“ဝေလင်တန်” ဟာ နှစ်ခြင်းမခံခင်တစ်ရက်အလိုမှာ၊ သတ္တမနေ့မြော်လင့်ခြင်းသူငယ်ချင်းတစ်ဦးဖြစ်တဲ့ Jaime က၊ “သင်ဟာ ဒုတိယတမန်တော် ရှင်ပေါလုဖြစ်လာမှာ။ လူအမြောက်အမြားကို လမ်းပြကူညီသွားမှာ” ဆိုပြီး ဟောကိန်းထုတ်ခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ “ဝေလင်တန်” အနေနဲ့အရက်သမားတွေကို လမ်းပြကူညီဖို့အတွက် သူ့ကို ဘုရားရှင်ကခေါ်ဖိတ်နေတယ်ဆိုတာ သူသဘောပေါက်နားလည်ခဲ့ပါတယ်။

သူရေနှစ်ခြင်းခံပြီး နောက်တစ်လမှာ၊ ဥပုသ်တော်နေ့တမနက်မှာ ဘုရားကျောင်းသို့သွားရင်း၊ အသံတစ်သံက “ဒီမှာပဲရပ်လိုက်ပါ” ဆိုပြီး ကြားလိုက်ကာ၊ သူသိမြင်ခံစားခဲ့ပါတယ်။

သူရပ်လိုက်ပြီး၊ အထက်ကိုကြည့်လိုက်တော့၊ သူအရက်သောက်နေကျဖြစ်တဲ့ အရက်အရောင်းဆိုင်ကိုမြင်တွေ့ခဲ့ရပါတယ်။

အဲဒီအသံက၊ “သင့်အနေနဲ့ ဟိုလူတွေအားလုံးကို မစကူညီရမှာ။ သင်က အရက်သောက်ခဲ့ပြီး၊ ယခုအချိန်မှာအရက်သောက်နေတဲ့တစ်ခြားလူတွေကို သင့်အနေနဲ့ မစကူညီရမယ်။ ငါက သင့်ကို အခွင့်အခါပေးပြီး၊ သင့်ကို ပြန်ပြီးမဆုတ်ယုတ်အောင် ငါမစမယ်” ဆိုပြီး ပြောခဲ့ပါတယ်။

ဘုရားကျောင်းမှာ “ဝေလင်တန်”အနေနဲ့ Jaime ကို တွေ့အောင်ရှာခဲ့ပြီး၊ “ကျွန်တော်အကြံတစ်ခုပေါက်တယ်” ဆိုပြီးပြောလိုက်တဲ့အခါ၊ “ကျွန်တော်လည်း အကြံတစ်ခုပေါက်ပါတယ်။ သင့်အကြံအရင်ပြောပြပါဦး” ဆိုပြီး Jaime က၊ ပြောလိုက်ပါတယ်။

“ကျွန်တော့ကို အမှောင်ပဲရှိတဲ့ အရက်အရောင်းဆိုင်တွေထဲမှာ အလင်းဖြစ်ဖို့ ဘုရားရှင်က ပြောနေတယ်လို့ထင်ပါတယ်” ဆိုပြီး “ဝေလင်တန်” ကပြောခဲ့ပါတယ်။

"ဝိုး၊ အဲဒါဟာ ကျွန်တော့အကြံနဲ့တူနေတယ်" ဆိုပြီး Jaime က ပြောခဲ့ပါ တယ်။
သူတို့နှစ်ဦးစလုံးအနေနဲ့ အရက်သမားတွေကို မစကူညီဖို့အတွက် သန့်ရှင်းသောဝိညာဉ်တော်က "ဝေလင်တန်" ကိုခေါ်ဖိတ်နေတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ကြပါတယ်။
နောက်တစ်ပတ်မှာ၊ "ဝေလင်တန်" အနေနဲ့ အရက်ရောင်းဆိုင်တွေက လူတွေကို သမ္မာကျမ်းစာသင်ပေးဖို့အတွက်၊ သူ့အိမ်မှာ လာခဲ့ကြဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။ ဥပုသ်နေ့မွန်းလွဲပိုင်း၊ ပထမဦးဆုံး သမ္မာကျမ်းစာသင်ယူမှုမှာ လူ ၁၁ ယောက်လာတက်ကြပါတယ်။
ရက်သတ္တပတ်လွန်သွားပြီး၊ ကျမ်းစာသင်တဲ့အဖွဲ့ဟာ အရမ်းများလာလို့၊ သူ့အိမ်မှာနေရာမဆန့်တော့ပဲ၊ ပိုကျယ်တဲ့အိမ်တစ်ဆောင်ကိုငှားရမ်းခဲ့ရပါတယ်။ အဲဒီအဖွဲ့ဟာ အရမ်းကိုများလာလွန်းလို့ ခန်းမဆောင်တစ်ဆောင်သို့ရွှေ့ပြောင်းခဲ့ရပြန်ပါတယ်။ လူတွေလဲနှစ်ခြင်းခံယူခဲ့ကြပြီး၊ အဲ့အဖွဲ့ကတော့ အရမ်းအရမ်းကိုတိုးတက်လာခဲ့ပါတယ်။
နောက်ဆုံးမှာ၊ "ဝေလင်တန်" အနေနဲ့ အဲ့အဖွဲ့အတွက်နေရာရှိဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ သူ့အနေနဲ့ဝယ်ဖို့အိမ်လိုက်ရှာတဲ့အခါ၊ မြို့ထဲမှာ အရမ်းဈေးကြီးပါတယ်။ သူဟာဆုတောင်းရင်းနဲ့၊ အသက် ၁၆ နှစ်အရွယ်ကနေ မကြာခဏအရက် သောက်ခဲ့တဲ့ အရက်ရောင်းဆိုင်တစ်ဆိုင်မှာ သွားလည်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒါဟာ မဖြစ်နိုင်သလိုနဲ့ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ အရက်ရောင်းဆိုင်ကို ဝယ်လို့ရမယ်ဆိုရင်၊ အစည်းအဝေးကျင်းပလို့ရတဲ့ ခန်းမဆောင်အဖြစ် ပြန်လည်တည်ဆောက်လို့ရမှာဖြစ်ပါတယ်။
သူက၊ "အိုး . ဘုရားရှင်၊ အရက်ရောင်းဆိုင်တစ်ဆိုင်မှာ ကိုယ်တော်အတွက် ကျွန်တော့်ကို တကယ်အလုပ်လုပ်စေချင်ပါသလား" ဆိုပြီး ဆုတောင်းခဲ့ပါတယ်။
"ဝေလင်တန်" အနေနဲ့အရက်ဆိုင်ပိုင်ရှင်ကို မတွေ့တွေ့အောင်ရှာပြီးတော့၊ အဲဒီအဆောက်အအုံကိုရောင်းနေကြောင်း သူ့ထံက သိရှိခဲ့ရပါတယ်။
ပိုင်ရှင်က ချက်ချင်းပဲ "ဝေလင်တန်"ကိုမှတ်မိကာ၊ သူအရက်မူးမနေတော့ပဲ တည်ငြိမ်နေခဲ့တာကိုတွေ့ရလို့ အံ့ဩမဆုံးဖြစ်ခဲ့ရပါတယ်။
"သင်ဟာတကယ်ပဲ 'ဝေလင်တန်' ဟုတ်သလား" ဆိုတာ သူမေးလိုက်တဲ့အခါ၊ "ဝေလင်တန်"က "ကျွန်တော် ဝေလင်တန် ဟုတ်ပါတယ်လို့ ပြန်ဖြေခဲ့ပါတယ်။
ပိုင်ရှင်က မယုံနိုင်လို့ သူ့ခေါင်းကို လှုပ်ခါခဲ့ပြီးတော့၊ "သင့်ကိုကျွန်တော်ကောင်းကောင်းသိတယ်နော်။ သင့်အနေနဲ့အသစ်သောအသက်တာ ပိုင်ဆိုင်နေတယ်ဆိုတာကို ကျွန်တော်မယုံနိုင်ခဲ့ဘူး" ဆိုပြီး ပြောခဲ့ပါတယ်။
ပိုင်ရှင်က အဆောက်အအုံရဲ့တန်ဖိုးကို ပြောလိုက်ပါတယ်။ "ဝေလင်တန်"

အနေနဲ့အဲဒီလောက်ပိုက်ဆံမရှိခဲ့ပါ။ အဲဒီအဆောက်အအုံရဲ့တန်ဖိုးကို တစ်ခြားအသင်းသားတွေဆီမှာ ပြောပြတော့၊ သူတို့မှာလည်း ရံပုံငွေမရှိကြဘူး။

"ဝေလင်တန်" အနေနဲ့လုံးဝအားမငယ်ခဲ့ပါ။ "စိတ်မပူကြပါနဲ့။ ဒီအဆောက်အအုံဟာ ကျွန်ုပ်တို့ရဲ့ဥစ္စာဖြစ်လာမှာပါ" ဆိုပြီး"ဝေလင်တန်" က သူတို့ကိုပြန်ပြောခဲ့ပါတယ်။

သူနဲ့အခြားအသင်းသားတွေဟာ ဆုတောင်းခြင်းနဲ့ ရံပုံငွေကိုမျှော်လင့်ခဲ့ကြပါတယ်။ နောက်တစ်နှစ်မှာအရက်ရောင်းဆိုင်ကို သူတို့ဝယ်ခဲ့ကြပြီး၊ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းနဲ့ ဩဇာလွှမ်းမိုးမှုဌာန ဖြစ်စေခဲ့ကြပါတယ်။

ယခုအချိန်မှာ၊ ဥပုသ်နေ့တိုင်း ဘုရားကျောင်းမှာ လူအယောက်ငါးဆယ်တို့က ဘုရားဝတ်ပြုနေကြပါပြီ။ တစ်ပတ်တာအတွင်းမှာ၊ ဩဇာလွှမ်းမိုးမှုဌာနအနေနဲ့ အသက်တာရဲ့ကျွမ်းကျင်မှုသင်တန်းနဲ့ အရက်ဖြတ်ဖို့အကြောင်းအရာကို ပို့ချခဲ့ပါတယ်။

အသင်းလူကြီးနဲ့ ဩဇာလွှမ်းမိုးမှုဌာနရဲ့လက်ထောက်ညွှန်ကြားရေးမှူးဖြစ်တဲ့ "ဝေလင်တန်"အနေနဲ့၊ သူ့ရဲ့အဖွဲ့ငယ်အားဖြင့် ဘရင်ဂျီဘာသာဝင် ၁၅ ဦးတို့က သူတို့ရဲ့စိတ်နှလုံးသားကို သခင်ယေရှုထံဆက်ကပ်ခဲ့ကြပြီး၊ ရေနှစ်ခြင်းခံခဲ့ကြပါတယ်။ အဲဒီအပြင်၊ အသစ်သောဘုရားကျောင်းနဲ့ ဩဇာလွှမ်းမိုးမှုဌာနအားဖြင့် လွန်ခဲ့တဲ့ သုံးနှစ်ကနေယခုအထိတိုင် လူ ၈၅ ဦးတို့ဟာ ရေနှစ်ခြင်းခံယူခဲ့ကြပါတယ်။

"ယခုအချိန်မှာ၊ ကျွန်တော့်အနေနဲ့ သခင်ယေရှုအတွက် အလုပ်လုပ်နေပြီး ပျောက်ဆုံးနေသူတွေကို လိုက်လံရှာဖွေနေပါတယ်။ ရှင်ပေါလုလိုဖြစ်လာအောင် ကျွန်တော်ဆုံးဖြတ်ခဲ့ပြီး၊ အမြဲပဲ ဧဝံဂေလိသတင်းစကားကို ဝေငှသက်သေခံနေပါတယ်။ ဘုရားရှင်ထံသို့လူတွေကို ပို့ဆောင်ဖို့အတွက် ကိုယ်တော့်တန်ခိုးကိုလည်း ကျွန်တော်တောင်းဆိုနေပါတယ်" ဆိုပြီး၊ "ဝေလင်တန်" က ပြောခဲ့ပါတယ်။

"ဘုရားရှင်ရဲ့အစီအစဉ်တွေဟာ ပြီးပြည့်စုံပြီး၊ ဘယ်တော့မှမပြောင်းလဲပါဘူး" ဆိုပြီး သူက ထပ်ပြီးတော့ပြောခဲ့ပါတယ်။

ဒီကမ္ဘာ့သာသနာသတင်းက ကိုလံဘီယာနိုင်ငံက လူတွေရဲ့အသက်တာနဲ့ စိန်ခေါ်မှုတွေကို စီစဉ်တင်ပြပေးနေတာ ဖြစ်ပါတယ်။

ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ကိုလံဘီယာနိုင်ငံမှာအရက်နဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ကလေးတွေကို မစကူညီဖို့ ဩဇာလွှမ်းမိုးမှုဌာနနှစ်ခု ဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

ဩဇာလွှမ်းမိုးမှုဌာနနှစ်ခုကို Buenaventura မြို့ကြီးနဲ့ Puerto Tejada မြို့ကြီးမှာ ဖွင့်လှစ်တည်ထောင်သွားမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ရက်ရောစွာလှူဒါန်းဖို့စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# “ဆုတောင်းမှုနဲ့ အရက်ရောင်းဆိုင် ဝယ်ခဲ့”

ဩဂုတ်လ (၃၁)ရက်၊ တင်ပြသူ-Adriana, Columbia နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

“အေဒရီယားနား” ဟာ ကိုလံဘီယာနိုင်ငံမှာ၊ အသင်းတော်တွေတည် ထောင်ရာမှာ ကျွမ်းကျင်သူတစ်ဦးဖြစ်တယ်။ သူမဟာ အသက် ၃၅ နှစ်အရွယ်ရှိတဲ့ဇနီးနဲ့အမေဖြစ်ပြီး၊ ၁၅ နှစ်အတွင်းမှာ အသင်းတော်ခြောက်ပါးကို တည်ထောင်ခဲ့ပါတယ်။ ကိုလံဘီယာနိုင်ငံရဲ့ ကိုးရှို့ကားရား နေထိုင်သွားလာတဲ့မြို့တော်၊ ဘာဂိုသာရဲ့တောင်ပိုင်းက ဆင်းရဲတဲ့ရပ်ကွက်ထဲမှာ တတ္တမမြောက် အသင်းတော်ကို တည်ထောင်ရာမှာ ကူညီဖို့ သူမဟာ အဆင်သင့်ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့ အကောင်းဆုံးနေရာမှာ ဝယ်နိုင်မယ့်အဆောက်အအုံကို ဘယ်သူကမှာ ရှာမတွေ့နိုင်သလိုဖြစ်ခဲ့ပါတယ်။ အဲဒီရပ်ကွက်ထဲမှာ အရင်က အရက်သမားဖြစ်တဲ့ “ဝေလင်တန်” အနေနဲ့ သူ့စိတ်နှလုံးသားကို သခင်ယေရှုထံမှာဆက်ကပ်ခဲ့ပြီးတဲ့နောက်၊ သူ့အိမ်မှာ သမ္မာကျမ်းစာသင်တဲ့အဖွဲ့ငယ်ကိုစတင်ဖွဲ့စည်းခဲ့တဲ့အခါ အသင်းတော်အတွက် မျိုးစေ့ကိုကျဲကာ စိုက်ပျိုးခဲ့ပါတယ်။

သူ့အိမ်မှာ အဖွဲ့ငယ်ဟာ တိုးပွားလာခဲ့ပြီး၊ အကြိမ်ပေါင်းများစွာရွှေ့ပြောင်းခဲ့ရပါတယ်။ ယခုအချိန်မှာ လူအယောက်ငါးဆယ်ဟာ ဥပုသ်နေ့တိုင်းအတူတကွ ဘုရားဝတ်ပြုကြပြီး၊ သူတို့ကိုယ်တိုင် ဘုရားကျောင်းတစ်ဆောင်ရရှိဖို့ အချိန်တန်နေပြီဖြစ်ပါတယ်။

“အေဒရီယားနား” အနေနဲ့ တစ်ခြားအသင်းတော်တစ်ပါးရဲ့အသင်းသူဖြစ်ပြီး၊ “ဝေလင်တန်”ရဲ့ လူစုက အသင်းတော်တည်ထောင်ရာမှာ ကူညီချင်ခဲ့ပါတယ်။ သူမက အဆောက်အအုံငါးဆောင်ကို ကြည့်ရှုခဲ့ပါတယ်။ အကောင်းတစ်ခုမှ မတွေ့ခဲ့ပါ။

အဲဒီနောက်မှာ “ဝေလင်တန်” အနေနဲ့၊ သူရေနှစ်ခြင်းမခံခင်က မကြာခဏသွားခဲ့တဲ့ အရက်ရောင်းဆိုင်ကိုစုံစမ်းဖို့အကြံပေးခဲ့ပါတယ်။ အဲဒီအရက်ရောင်းဆိုင်ဟာ ရပ်ကွက်ရဲ့အလယ်တည့်တည့်မှာရှိပြီး၊ ပိုင်ရှင်က ရောင်းခြင်တာကြာလှပြီဖြစ်တယ်။ ဒါပေမဲ့ ရောင်းဈေးကအရမ်းများနေပါတယ်။

“အေဒရီယားနား” ကပိုင်ရှင်နဲ့ဆုံတွေ့ပြီး၊ အသင်းသားတွေကအဆောက်အအုံကိုဝင်ချင်ခဲ့ကြပေမယ့် လောလောဆယ် ပိုက်ဆံမရှိသေးကြောင်း ရှင်းပြခဲ့ပါတယ်။

“ကျွန်မတို့ ပိုက်ဆံစုဆောင်းနေတဲ့အတောအတွင်း၊ ကျေးဇူးပြုပြီး တစ်နှစ်လောက်စောင့်နေလို့ရမလား” ဆိုပြီး သူမက မေးခဲ့ပါတယ်။

ပိုင်ရှင်က မစောင့်နိုင်ကြောင်း ခေါင်းခါပြခဲ့ပါတယ်။

“အေဒရီယားနား” အနေနဲ့ စဉ်းစားဆင်ခြင်ပေးဖို့ ပိုင်ရှင်ထံတောင်းဆိုခဲ့ပေမဲ့၊ သူကငြင်းဆိုခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊“သင်တို့ရဲ့အစီအစဉ်ဟာ ဘုရားရှင်ထံကနေ ဖြစ်တယ်ဆိုရင် ဒီအဆောက်အအုံက သင်တို့ဥစ္စာဖြစ်လာမှာပါ” ဆိုပြီး၊ ပိုင်ရှင်က ပြောခဲ့ပါတယ်။

“အေဒရီယားနား” နဲ့တစ်ခြားအသင်းသားတွေက မစမှုအတွက် ဘုရားရှင်ထံမှာ ဆုတောင်းခဲ့ကြပြီး၊ ရံပုံငွေကို စတင်ရှာဖွေစုဆောင်းခဲ့ကြပါတယ်။

အဲဒီနောက်မှာ အလားအလာရှိတဲ့ အဆောက်အအုံဝယ်သူက အဆောက်အအုံကိုလာကြည့်ခဲ့ပါတယ်။ သူကအဲ့ဒါကိုကြိုက်ခဲ့ပြီး ဝယ်ယူဖို့ သဘောတူခဲ့ကြပါတယ်။

အလားအလာရှိတဲ့ ဝယ်သူဟာ၊ ထွက်သွားပြီးနောက် အဆောက်အအုံဝယ်ဖို့ ပိုက်ဆံနဲ့တစ်ခါမှ ပြန်မလာတော့ပါ။

နောက်ပြီးတော့ အခြားဝယ်သူတစ်ဦးက အဆောက်အအုံကိုလာကြည့်ပြီး၊ ဝယ်ချင်ခဲ့ပါတယ်။ ပိုင်ရှင်အနေနဲ့ အဆောက်အအုံကို ရောင်းလို့မရတော့ဘူးဆိုပြီး ပြောခဲ့ပါတယ်။ အသင်းသားတွေအနေနဲ့ သခင်ဘုရားရဲ့အလိုတော်အရဖြစ်ဖို့ဆုတောင်းခဲ့ကြပြန်ပါတယ်။ အဆောက်အအုံဝယ်သူဟာ ပိုက်ဆံနဲ့တစ်ခါမှပြန်မလာတော့ပါ။

အရက်ရောင်းဆိုင်ပိုင်ရှင်အနေနဲ့ သူ့အဆောက်အအုံကို ဘာလို့မရောင်းရတာလဲဆိုတာ နားမလည်နိုင်ခဲ့ပါ။ သူကတန်ဖိုးကို လျှော့ချခဲ့ပါတယ်။ နောက်တစ်ခါ တန်ဖိုးကိုလျှော့ချပြန်ပါတယ်။ အဲဒါတောင်မှ ဝယ်သူမရှိခဲ့ပါ။

“အေဒရီယားနား”အနေနဲ့ အဲဒီအရက်ရောင်းဆိုင်ကို အသင်းတော်ဘုရားကျောင်းတစ်ကျောင်းနဲ့ ဩဇာလွှမ်းမိုးမှုဌာနတစ်ခု ဖြစ်စေဖို့၊ သခင်ဘုရားကအစီအစဉ်ရှိတယ်လို့ အခိုင်အမာယုံကြည်ခဲ့ပါတယ်။ ဩဇာလွှမ်းမိုးမှုဌာနက ရပ်ကွက်ထဲမှာ လူတွေကိုအသက်တာအတွက် ကျွမ်းကျင်မှုဆိုင်ရာကို ပို့ချသင်ကြားပေးမှာဖြစ်ပြီး၊ အရက်စွဲလန်းမှုနဲ့ ရုန်းကန်လှုပ်ရှားနေတဲ့လူတွေကို ကူညီသွားမှာဖြစ်ပါတယ်။

“အေဒရီယားနား” အနေနဲ့ အရက်ရောင်းဆိုင်ပိုင်ရှင်ထံ သွားလည်ပြီးတော့၊ “ဒီအဆောက်အအုံကိုမရောင်းတော့ဘူးလား” ဆိုပြီး ရဲရဲရင့်ရင့်နဲ့မေးခဲ့ပါတယ်။ ဒီနေရာဟာ ရပ်ကွက်ထဲကလူတွေကို ကူညီဖို့နဲ့ သခင်ဘုရားရဲ့ဘုန်းတန်ခိုးတော်ထင်ရှားစေတဲ့နေရာ ဖြစ်လာမှာဖြစ်တဲ့အတွက် ကျေးဇူးပြုပြီး ကျွန်မတို့ကိုရောင်းပေးပါဦး” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

တစ်နှစ်လွန်သွားတဲ့အခါ၊ အသင်းသားတွေက တောင်းဆိုတဲ့အတိုင်း အနိမ့်ဆုံးတန်ဖိုးနဲ့ဝယ်လို့ရအောင် လုံလောက်တဲ့ပိုက်ဆံကို စုဆောင်းခဲ့ကြပါတယ်။ အသင်းတော်ခေါင်းဆောင်တစ်ဦးဟာ နောက်ဆုံးရောင်းမယ့်တန်ဖိုးအတွက် ပိုင်ရှင်ထံသွားရောက်ပြီး စုံစမ်းခဲ့ပါတယ်။

ပိုင်ရှင်အနေနဲ့ နောက်ဆုံးမှာ အဆောက်အအုံကို ရောင်းလို့ရကြောင်း သက်သက်သာသာနဲ့ရောင်းမှာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

"ဟိုမြော်လင့်ခြင်းအသင်းသားတွေက ဝယ်ဖို့ဆုတောင်းနေကြတဲ့အတွက် ဒီအဆောက်အအုံကိုရောင်းလို့မရခဲ့ဘူး" ဆိုပြီး သူက ပြောခဲ့ပါတယ်။

နောက်နှစ်ပတ်မှာ၊ မြော်လင့်ခြင်းအသင်းတော်က အဲဒီအဆောက်အအုံကို ဝယ်ယူခဲ့ပါတယ်။ နောက်ဆုံးလျှော့ချခဲ့တဲ့တန်ဖိုးဟာ ရပ်ကွက်ထဲကဆင်တူတစ်ခြားအဆောက်အအုံတန်ဖိုးရဲ့ ထက်ဝက်ပဲ ရှိပါတယ်။

ယခုအချိန်မှာ၊ 'အေဒရီယားနား" အနေနဲ့အသစ်သောဘုရားကျောင်းနဲ့ သြဇာလွှမ်းမိုးမှုဌာနအတွက် သခင်ဘုရားကို ချီးမွမ်းခဲ့ပါတယ်။

"ကျွန်မတို့အားလုံးဟာ ဒီနေရာအတွက် ဆုတောင်းခဲ့ကြပါတယ်။ သခင်ဘုရားက အစီအစဉ်တစ်ခုရှိတဲ့အခါဘယ်သူကမှပြောင်းလဲလို့မရပါဘူး" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီကမ္ဘာ့သာသနာသတင်းက ကိုလံဘီယာနိုင်ငံက လူတွေရဲ့အသက်တာနဲ့ စိန်ခေါ်မှုတွေကို တင်ပြပေးနေတာဖြစ်ပါတယ်။

ဒီ ၁၃ ပတ်ရဲ့ ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို ကိုလံဘီယာနိုင်ငံမှာ အရက်နဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်၊ ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ကလေးတွေကို မစကူညီဖို့ သြဇာလွှမ်းမိုးမှုဌာနနှစ်ခု ဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ရက်ရောစွာလှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# "ဟားလို့ထက်ပို့များတဲ့ စကားပြောတယ်"

စက်တင်ဘာလ(၇)ရက်၊ တင်ပြသူ-Harlin, Costa Rica နိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

Harlin အနေနဲ့၊ သူတို့ရဲ့လမ်းမကြီးပေါ်မှကျော်သွားခဲ့ကြပြီး Flor ကိုမှတ်မိနေခဲ့ပါတယ်။ ယခင်က ရဲအရာရှိဖြစ်တဲ့ Harlin အနေနဲ့ Flor က မူးယစ်ဆေးဝါးတွေနဲ့အရက်ဝယ်ဖို့ပိုက်ဆံရအောင် ဘာတစ်ခုခုရောင်းချင်နေသလဲဆိုတာသိခဲ့ပါတယ်။

Flor အနေနဲ့လည်း Harlin ကိုမှတ်မိခဲ့ပါတယ်။ ဒီအမျိုးသမီးတို့ဟာ "ကော့စတာ ရီကာ" နိုင်ငံရဲ့မြို့ငယ်တစ်မြို့ကအဆောက်အအုံတန်းတစ်ခု ခြားနားရာနေရာမှာနေထိုင်ခဲ့ကြပါတယ်။ သူတို့က နှစ်နဲ့ချီနှုတ်ခွန်းဆက်စကားပြောခဲ့ကြပါတယ်။ ဒါပေမယ့် အခြားဆက်ဆံရေးမျိုးတော့တစ်ခါမှ မရှိခဲ့ကြပါ။

ယနေ့မှာ၊ "ဟာလင်" အနေနဲ့ ရိုးရိုးလေးနဲ့ ဟားလို လို့ ပြောတာထက်ပိုပြီးတော့ ပြောချင်တဲ့ဆန္ဒ ရှိခဲ့ပါတယ်။

"နေကောင်းပါသလား။ သင့်အသက်တာ ဘယ်လိုရှိလဲ" ဆိုပြီး သူမကမေးခဲ့ပါတယ်။

"ဘာမဆို ဆိုးတာကြီးပဲ" ဆိုပြီး Flor က ပြန်ပြောခဲ့ပါတယ်။

'ဟာလင်' အနေနဲ့ Flor ကိုသေသေချာချာကြည့်ပြီး၊ "စားစရာတစ်ခုခုရှိပါသလား" ဆိုပြီးမေးခဲ့ပါတယ်။

Flor အနေနဲ့ ခေါင်းငုံ့ပြီးငိုခဲ့ပါတယ်။ 'ဟာလင်' ဟာဈေးဆိုင်ဖက်ကိုလမ်းလျှောက်သွားပြီး၊ Flor အတွက်အစားအစာဝယ်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဈေးဆိုင်ကနေ သူမ အိမ်ပြန်လာတဲ့အခါ၊ Flor ရဲ့အိမ်မှာရပ်နေခဲ့ပြီး၊ ဆန်တစ်အိတ်၊ ပဲတစ်အိတ်နဲ့ ကြက်သားနှစ်တုံးကို ပေးခဲ့ပါတယ်။

နောက်တစ်နေ့မှာ၊ 'ဟာလင်' က ဘဏ်တစ်ခုရဲ့အပြင်မှာ သူ့အသင်းအုပ်ဆရာကိုတွေ့မြင်ခဲ့ရပါတယ်။

ပါစတာက၊ "ကျွန်တော့်မှာအစားအစာအနည်းငယ်ရှိပါတယ်။ လိုအပ်နေတဲ့တစ်စုံတဦးကိုသင်သိပါသလား" ဆိုပြီး မေးခဲ့ပါတယ်။

'ဟာလင်' က၊ "သိပါတယ်။ ဘာမှစားစရာမရှိတဲ့အိမ်နီးချင်းတစ်ယောက်ကျွန်မမှာရှိပါတယ်" ဆိုပြီးပြောခဲ့ပါတယ်။

"ဒါကိုယူသွားပြီး၊ သူမကိုပေးလိုက်ပါနော်" ဆိုပြီး သူကပြောခဲ့ပါတယ်။

"ကျွန်မနောက်ကိုလိုက်ခဲ့ပါ။ ဒါဆိုရင် သူမနေထိုင်တဲ့နေရာမြင်သွားမှာပေါ့" ဆိုပြီး သူမက ပါစတာကို ခေါ်ဖိတ်ခဲ့ပါတယ်။

သူတို့နှစ်ဦးစလုံး Flor အိမ်မှာ သွားပြီးတော့အစားအစာကို ပေးခဲ့ကြပါတယ်။ Flor ကအရမ်းဝမ်းသာခဲ့ပါတယ်။

သူတို့နဲ့စကားပြောရင်း၊ 'ဟာလင်' က သမ္မာကျမ်းစာသင်ချင်သလားလို့ Flor ကိုမေးလိုက်တော့၊ သူမအနေနဲ့သင်ချင်ကြောင်း ထောက်ပြခဲ့ပါတယ်။

နောက်တစ်နေ့မှာ၊ 'ဟာလင်' ဟာ သမ္မာကျမ်းစာသင်ပေးဖို့အတွက် သူ့အသင်တော်မှ အမျိုးသားတစ်ဦးနဲ့အမျိုးသမီးသုံးဦးတို့နဲ့အတူ ရောက်လာခဲ့ကြပါတယ်။ Flor ရဲ့အိမ်ထဲမှာ တွေ့ဆုံဖို့ အိမ်အရမ်းပျက်စီးယိုယွင်းနေတဲ့အတွက်၊ သူ့အိမ်ရှေ့က မြေကွက်ကျဉ်းကျဉ်းလေးမှာ သူတို့နေထိုင်ခဲ့ကြပါတယ်။

နောက်ပြီးတော့၊ အဖွဲ့ငယ်အနေနဲ့ သီချင်းဆိုဖို့နဲ့ သမ္မာကျမ်းစာသင်ဖို့အတွက် တစ်ပတ်မှာတစ်ခါဆုံတွေ့ခဲ့ကြပါတယ်။ Flor အနေနဲ့ သီချင်းဆိုတာသဘောကျပြီး၊ အထူးသဖြင့် "ငါ့ကို အသစ်သောစိတ်နှလုံးသားပေးပါ" ဆိုတဲ့သီချင်းကို သူမက နှစ်သက်ခဲ့ပါတယ်။

Flor ရဲ့စိတ်နှလုံးသား စတင်ပြီးပြောင်းလဲလာခဲ့ပါပြီ။ သူ့ကို ဝမ်းနည်းစေခဲ့တဲ့ မိသားစုဝင်တွေနဲ့အိမ်နီးချင်းတွေကို စော်ကားနေခဲ့တာနဲ့ ထိုးနေတာကို သူမကရပ်စေခဲ့ပါတယ်။ သူ့ရဲ့ညစ်ညမ်းတဲ့စကားဟာ ဖြည်းဖြည်းချင်းကြည်နူးဖွယ်ကောင်းလာခဲ့ပါတယ်။

သမ္မာကျမ်းစာကိုနှစ်လသင်ပြီးတဲ့အခါ၊ ကော့စတာ ရီကာ နိုင်ငံရဲ့ မိုးရာသီစတင်ခဲ့လို့၊ Flor ရဲ့အိမ်ရှေ့မြေကွက်ပေါ်မှာ ဆုံတွေ့လို့မရတော့ပါ။

Flor အနေနဲ့ အပတ်တိုင်းစုရုံးခဲ့တာကို သတိရပြီး၊ ဥပုသ်တော်နေ့မှာ၊ မြော်လင့်ခြင်းအသင်းတော်မှာဘုရားဝတ်ပြုတဲ့ အသင်းသားတွေကို လိုက်လံရှာဖွေခဲ့ပါတယ်။

ဘုရားကျောင်းလာတက်ဖို့ဘယ်သူကမှ သူမကို မခေါ်ဖိတ်ခဲ့ပါ။ သူ့ဟာသူ ဘုရားကျောင်းလာတက်တာဖြစ်တယ်။

နှစ်လကြာတဲ့အခါ၊ အသင်းအုပ်ဆရာက နှစ်ခြင်းခံခြင်းအားဖြင့် သူ့စိတ်နှလုံးသားကို ဆက်ကပ်ချင်သလားဆိုပြီး Flor ကို မေးခဲ့ပါတယ်။

အဲဒီမေးခွန်းကို သူမက သဘောကျခဲ့ပြီး၊ "နှစ်ခြင်းခံပါမယ်။ ကျွန်မနှစ်ခြင်းခံချင်သလားဆိုတာ ဘယ်သူကမှမမေးခဲ့ဘူးပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

မကြာခင်မှာပဲ၊ Flor အနေနဲ့ တကယ်နောင်တရခဲ့ပြီး၊ ရေနှစ်ခြင်းခံခဲ့ပါတယ်။

Flor အနေနဲ့ မြို့ငယ်ထဲမှာ လူသိများတဲ့ ဂုဏ်သတင်းကိုရရှိခဲ့ပါတယ်။ လူတိုင်းက အသစ်သောသူ့အသက်တာကိုသိခဲ့ကြပါတယ်။ မြို့သားတွေက သူ့ရဲ့အသက်တာပြောင်းလဲမှုနဲ့၊ သူမရေနှစ်ခြင်းခံပြီးတဲ့အခါ ဝမ်းပန်းတသာအိမ်ပြန်လာတာကိုတွေ့ကြလို့ တအံ့တသြဖြစ်ခဲ့ရကြပါတယ်။ လူတွေတစ်ယောက်ပြီးတစ်ယောက်

သူမကိုဖက်ကာ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောခဲ့ကြပါတယ်။

Flor ဟာ အရမ်းဝမ်းသာခဲ့ပါတယ်။ သူမအနေနဲ့ နှစ်နဲ့ချီပြီး လူတွေရဲ့အဖက်ခံရမှုကို မရရှိခဲ့ပါ။

သူမနှစ်ခြင်းခံခဲ့ပြီး လပေါင်းများစွာကြာပြီးတဲ့နောက်၊ Flor ဟာ 'ကော့စတာရီကာ' နိုင်ငံမှာ သစ္စာရှိတဲ့သတ္တမနေ့ မြော်လင့်ခြင်းအသင်းသူအနေနဲ့ ရှိနေပါတယ်။

"ကျွန်မရဲ့အသစ်သောအသက်တာအတွက် ဘုရားရှင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မအတွက် အသင်းသားတွေကလုပ်ဆောင်ပေးတဲ့ အရာအားလုံးအပေါ် အထူးကျေးဇူးတင်ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

'ဟာလင်' အနေနဲ့ Flor ရဲ့အသက်တာပြောင်းလဲမှုဟာ သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

Flor ဟာ အစားအစာမရှိတဲ့နေ့မှာ၊ ဟားလိုထက်ပိုများတဲ့စကားကိုပြောဖို့ လှုံ့ဆော်ခဲ့သူဟာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်တယ်လို့ သူမအနေနဲ့ ယုံကြည်ခဲ့ပါတယ်။

"ဘုရားရှင်ဟာ တကယ်ကြီးမားပါတယ်။ ကိုယ်တော်မလုပ်တတ်တဲ့ ခက်ခဲတဲ့အရာတစ်ခုမှမရှိပါဘူး" ဆိုပြီး 'ဟာလင်' က ပြောခဲ့ပါတယ်။

ဒီကမ္ဘာ့သာသနာသတင်းက 'ကော့စတာ ရီကာ' နိုင်ငံက လူတွေရဲ့အသက်တာနဲ့စိန်ခေါ်မှုတွေကိုစီစဉ် တင်ပြထားတာဖြစ်ပါတယ်။

ဒီ ၁၃ ပတ်ရဲ့ ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် 'ကော့စတာ ရီကာ' နိုင်ငံမှာ အရက်နဲ့မူးယစ်ဆေးဝါးစွဲလန်းမှုကြောင့် ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ကလေးတွေထံမှာ၊ သခင်ယေရှုရဲ့ ချစ်ခြင်းမေတ္တာကို ဝေငှသက်သေခံမယ့် ဩဇာလွှမ်းမိုးမှုဌာနတစ်ခုကို တည်ထောင်ဖွင့်လှစ်ရာမှာ ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ရက်ရောစွာလှူဒါန်းထည့်ဝင်ဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

# "စစ်မှန်တဲ့ ရတနာတွေ"

စက်တင်ဘာလ(၁၄)ရက်၊ တင်ပြသူ-Jahiquel, Costa Rica နိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Jahiquel ဟာ 'ကော့စတာ ရီကာ'နိုင်ငံက ဆင်းရဲတဲ့မိသားစုကနေ ကြီးပြင်းလာခဲ့တဲ့ယောက်ကျားလေးတစ်ယောက်ဖြစ်ပါတယ်။ သူအရွယ်ရောက်လာခဲ့ပေမဲ့ ဘာတစ်ခုမှ မရှိခဲ့ပါ။ ဒါပေမဲ့ သူ့အသက် ၁၆ နှစ်ရှိတဲ့အခါ၊ ရွှေဆွဲကြိုးနဲ့ရွှေလက်စွပ်တွေကို သူ့လည်ပင်းနဲ့လက်ချောင်းတွေမှာ ဝတ်ဆင်ခဲ့ပါတယ်။

ရပ်ကွက်ထဲမှလူဆိုးဂိုဏ်းက သံသယဖြစ်ခဲ့ပါတယ်။ လူဆိုးဂိုဏ်းခေါင်းဆောင်၊ (ပြောင်းပြီးခေါ်တဲ့နာမည်-နတ်ဆိုး) အနေနဲ့ Jahiquel ဟာသူ့ခွင့်ပြုချက်မပါပဲနဲ့ မူးယစ်ဆေးဝါးတွေကို ရောင်းဝယ်နေတယ်လို့ စဉ်းစားခဲ့ပါတယ်။ Jahiquelနဲ့ လူမှုရေးမီဒီယာအားဖြင့် အဆက်အသွယ်လုပ်ပြီးတော့၊ "သင့်ရွှေကြိုးဟာ တကယ်အစစ်လား" ဆိုပြီး မေးဖို့ သူတို့ဂိုဏ်းထဲက အဖွဲ့ဝင်တစ်ယောက်ကို သူက သတင်းပေးခဲ့ပါတယ်။

Jahiquel အနေနဲ့ စစ်မှန်တဲ့ရွှေတွေကိုရရှိခဲ့လို့ကြွားဝါပြီးမှ၊ စကားလုံးတစ်လုံးနဲ့ "ဟုတ်ကဲ့ပါ" ဆိုပြီးသတင်းပို့ခဲ့ပါတယ်။ သူ့အနေနဲ့ လူဆိုးဂိုဏ်းအဖွဲ့သားတစ်ယောက်ထံကနေ သတင်းရခဲ့တာကိုသိနေပါတယ်။ အဲဒီလူဆိုးဂိုဏ်းမှာ တစ်ခါတုန်းက အဖွဲ့ဝင်တစ်ယောက်ဖြစ်ဖူးခဲ့ပြီး၊ တစ်ခြားဂိုဏ်းမှာ သွားဝင်ခဲ့တာဖြစ်ပါတယ်။

ယခုအချိန်မှာ၊ မူးယစ်ဆေးဝါးတွေကို ရောင်းမဲ့အစား၊ သူ့အနေနဲ့ အိမ်တွေကိုလုယက်ပြီးပြန်ရွေးဖို့အတွက် လူတွေကိုပြန်ပေးဆွဲခဲ့ပါတယ်။ သူ့ရဲ့ရွှေငွေရတနာတွေကို အဲ့ဒီဂိုဏ်းကနေမတရားအမြတ်နဲ့ ဝယ်ယူခဲ့ပါတယ်။

သတင်းပြန်ပို့ပြီး၊ နာရီအတော်ကြာပြီးမှ၊ အဲဒီ ညနေ ၇နာရီမှာ၊ Jahiquel က လူဆိုးဂိုဏ်းအဖွဲ့ဝင်တွေမော်တော်ဆိုင်ကယ်နဲ့ သူ့ဆီကို အလျင်အမြန်လာခဲ့တာမြင်တွေ့ခဲ့ရပါတယ်။ Jahiquel ဟာ ညအိပ်ဖို့အတွက် သူ့အဘွားရဲ့အိမ်သို့ ရောက်ရောက်ချင်း၊ အပြင်မှာမတ်တတ်ရပ်နေခဲ့ပါတယ်။ နေ့အချိန်မှာ သူနေခဲ့တဲ့ သူ့အမေအိမ်ကနေ သူ့လမ်းထဲသို့လျှောက်လာခဲ့ပါတယ်။

မော်တော်ဆိုင်ကယ်မောင်းတဲ့ လူဆိုးဂိုဏ်းအဖွဲ့ဝင်ရဲ့အနောက်မှာ၊ ထိုင်သူဟာဆိုင်ကယ်မောင်းသူရဲ့ညီဖြစ်နေခဲ့ပါတယ်။ Jahiquel အနေနဲ့ ထိတ်လန့်တုန်လှုပ်ရင်း၊ ဆိုင်ကယ်မောင်းသူရဲ့ညီက လက်ကိုင်သေနတ် 9mm နဲ့ သူ့ဖက်ကိုပစ်နေတာ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီသေနတ်ကို လအတော်ကြာတုန်းက သူ့ညီဆီမှာ သူရောင်းခဲ့တာသေနတ်ဖြစ်ကြောင်း သူမှတ်မိနေခဲ့ပါတယ်။

အချိန်တိုအတွင်း ကျည်ဆံရှစ်လုံးက Jahiquel ရဲ့ခန္ဓာကိုယ်ကိုထိမှန်ခဲ့

ပါတယ်။ ကျည်ဆံနှစ်လုံးက သူ့ခြေထောက်နဲ့ငါးလုံးက သူ့ရင်ဘတ်၊တစ်လုံးက သူ့ဗိုက်ကိုထိမှန်ခဲ့ပါတယ်။ တုန်လှုပ်ခြောက်ချားရင်းနဲ့ မြေပြင်ပေါ်မှာ သူလဲကျခဲ့ပါတယ်။ အော်ဟစ်ဖို့ ဒါမှမဟုတ် နေရာရွှေ့ဖို့ သူအရမ်းကြောက်လန့်ခဲ့ပါတယ်။

သူ့စိတ်ထဲမှာစဉ်းစားထားတာအများကြီးပါဘဲ။ ယောကျ်ားလေးဘဝတုန်းက မြော်လင့်ခြင်းအသင်းသူ အဒေါ်ကြီးတစ်ဦးက၊ ဆုတောင်းဖို့နဲ့ကျမ်းစာဖတ်ဖို့ သင်ပေးခဲ့တာကို သူသတိရခဲ့ပါတယ်။ လူဆိုးဂိုဏ်းတွေမှာပါဝင်ခြင်းအားဖြင့် သူအမှားတစ်ခု လုပ်ခဲ့ကြောင်း သူသဘောပေါက်နားလည်ခဲ့ပါတယ်။ သူက၊“ဘုရားရှင်၊ အကျွန်ုပ်ကို ခွင့်လွှတ် တော်မူပါ” ဆိုပြီး ဆုတောင်းခဲ့ပါတယ်။

အဲဒီနောက်မှာ မော်တော်ဆိုင်ကယ် ထွက်သွားတဲ့အသံ သူကြားခဲ့ရပါတယ်။ ကားတစ်စီးဖြတ်သွားခဲ့ပေမယ့် မရပ်ခဲ့ပါဘူး။ အဖွားက အိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။ Jahiquel ကိုယ်ခန္ဓာလည်း ကွေးကျသွားခဲ့ပါတယ်။

ဒုတိယကားလာပြီးတော့၊ ရပ်ခဲ့ပါတယ်။ ပုဂ္ဂိုလ်နှစ်ဦးထွက်လာပြီးတော့၊ Jahiquel ကိုကားပေါ်တင်ကာ၊ ဆေးရုံကြီးသို့ သယ်ဆောင်သွားခဲ့ကြပါတယ်။

Jahiquel ဟာ နောက်တစ်နေ့ မွန်းလွဲပိုင်းသုံးနာရီအချိန်မှာ နိုးလာပါတယ်။ သူအသက်ရှူလို့ရအောင် စက်နဲ့သူ့ကိုချိတ်ဆက်ခဲ့ပါတယ်။ သူ့ကိုယ်ခန္ဓာပေါ်မှာ ချုပ်ရိုး ၂၃ ချက်အချုပ်ခံခဲ့ရပါတယ်။ သူသေခါနီးပြီဆိုတာ သိရှိနေခဲ့ပါတယ်။ မြော်လင့်ခြင်းအသင်းသူ သူ့အဒေါ်ရဲ့ အသင်းတော်က၊ သေဘေးကနေ သူလွတ်ဖို့အတွက် အကြာကြီးဆုတောင်းပေးခဲ့ကြပါတယ်။ ယခုအချိန်မှာ သူအသက်ရှင်နေပါတယ်။ အဲဒါဟာ အံ့ဩဖွယ်ဖြစ်ရပ်ဖြစ်ပါတယ်။

အဲဒီနေ့ကနေစပြီးတော့၊ သခင်ယေရှုအတွက် အသက်ရှင်ဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။

၃နှစ် ကြာလာတဲ့အခါ၊ ဆံပင်ညှပ်သမားဖြစ်လာဖို့အတွက် Jahiquel ဆံပင်ညှပ်သင်ခဲ့ပါတယ်။ တစ်ခြားလူငယ်တွေဆီမှာ သူရဲ့ဖြစ်ရပ်မှန်ဝတ္ထု ကိုဝေငှခဲ့ပါတယ်။ လူဆိုးဂိုဏ်းအားဖြင့်မဟုတ်ပဲ သခင်ဘုရားအားဖြင့် အသက်တာမှာရည်မှန်းချက်ရှိဖို့ သူတို့ကို၊ သူ ၊ အားပေးတိုက်တွန်းခဲ့ပါတယ်။

သူ့အသက်တာမှာ၊ ဆယ်ကျော်သက်အရွယ်တုန်းက သူ့စိတ်ထဲမှာအမိုက်သရိုက်နဲ့ပြည့်နေခဲ့တာကို သူနောင်တရခဲ့ပြီး၊ သမ္မာကျမ်းစာနဲ့ သူ့အချိန်ဖြုန်းရင်း သခင်ဘုရားကကောင်းတဲ့အရာနဲ့ဖြည့်ဆည်းပေးမယ်လို့ သူယုံကြည်ကိုးစားခဲ့ပါတယ်။

အဆုံးမှာတော့၊ ရှင်ပေါလုက ရောမ ၁၂း၂ ထဲက၊“သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်သိနိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်

ပြောင်းလဲခြင်းသို့ရောက်ကြလော့” ဆိုပြီး ပြောခဲ့ပါတယ်။

“ကောင်းတဲ့အရာတွေကို ကျွန်တော်စဉ်းစားချင်ပြီး၊ လွန်ခဲ့တဲ့အချိန်ကို ကျွန်တော်သတိမရချင်တော့ပါ။ ယခုအချိန်မှာ၊ မနက်တိုင်းညတိုင်း၊ ကျွန်တော်သမ္မာကျမ်းစာဖတ်ခဲ့ပါတယ်။ ဆုတောင်းဖို့အတွက် မနက်စောစော ကျွန်တော်ထပါတယ်။ အဲဒါဟာ ကျွန်တော့်လုပ်ငန်းဖြစ်ပါတယ်။ သခင်ဘုရားရဲ့ မစမှုဖြင့် ကျွန်တော်ဆက်လုပ်လို့ရ မယ်ဆိုတာ ကျွန်တော်သိပါတယ်” ဆိုပြီး Jahiquel က ပြောခဲ့ပါတယ်။

သူ့ကိုတိုက်ခိုက်ခဲ့တဲ့ ညီအစ်ကိုနှစ်ယောက်ကို၊ ရဲစခန်းမှာ သူမတိုင်လို့တရားရုံးမှာ တစ်ခါမှ တရားစီရင်မှုနဲ့ သူတို့မကြုံတွေ့ခဲ့ရပါ။ သူတို့နေထိုင်တဲ့ရပ်ကွက်ထဲမှာပဲ သူနေထိုင်သေးတဲ့အတွက် သူတို့ကိုတိုင်မယ်ဆိုရင် သူ့အတွက်အမေ့အတွက်နဲ့ သူ့အဖွားအတွက် အန္တရာယ်ဖြစ်စေမှာ ဖြစ်ပါတယ်။

သူ့ကို လာတိုက်ခိုက်ခဲ့တဲ့နေ့မှာ၊ သူက သူ့ရဲ့ရွှေတွေကိုဆုံးရှုံးခဲ့ရပါတယ်။ ဘယ်သူက ယူသလဲဆိုတာသူမသိပါဘူး။တကယ့် စစ်မှန်တဲ့ရတနာဟာ ဝတ်ဆင်လို့မရပါ။ သူ့စိတ်နှလုံးသားထဲမှာ ရှိနေတဲ့ပုဂ္ဂိုလ်ဟာ စစ်မှန်တဲ့ရတနာဖြစ်တယ် ဆိုတာသူသဘောပေါက်နားလည်ခဲ့ပါတယ်။

ဒီ ၁၃ ပတ်ရဲ့ ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ‘ကော့စတာ ရီကာ’ နိုင်ငံမှာ အရက်နဲ့မူးယစ်ဆေးဝါးစွဲလန်းမှုကြောင့် ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ကလေးတွေထံမှာ၊ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာကို ဝေငှသက်သေခံမယ့်ဩဇာလွှမ်းမိုးမှုဌာနတစ်ခုကို တည်ထောင်ဖွင့်လှစ်ရာမှာ ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ရက်ရောစွာလှူဒါန်းထည့်ဝင်ဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

# "သုံးအတွက် ဆုတောင်းနေတယ်"

စက်တင်ဘာလ (၂၁)ရက်၊ တင်ပြသူ-Stephanie,Costa Rica နိုင်ငံ၊
(အရွယ်ရောက်ပြီးသားအမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်. . )

Sitephanie နဲ့ သူ့အနာဂတ်ခင်ပွန်းတို့က သူတို့ရဲ့မွေးဇာတိ 'ကော့စတာရီကာ' နိုင်ငံမှာ၊ မိသားစုစီမံကိန်းကိစ္စကိုစတင်စကားပြောခဲ့ကြပါတယ်။ သူတို့နှစ်ဦးစလုံး အနေနဲ့ ဇီဝဗေဒနည်းအားဖြင့် ကလေးနှစ်ယောက်ထွန်းကားဖို့နဲ့တတိယကလေးကို မွေးစားဖို့ သဘောတူခဲ့ကြပါတယ်။

သူတို့အိမ်ထောင်ပြုပြီး ငါးနှစ်ကြာတဲ့အခါ၊ သူတို့မှာကလေးတစ်ယောက်မှ မထွန်းကားခဲ့ပါ။ ဒါကြောင့်မို့ကလေးတစ်ယောက်မွေးစားဖို့ သူတို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

'ကော့စတာရီကာ' နိုင်ငံရဲ့ မွေးစားမှု ကိုယ်စားလှယ်အနေနဲ့၊ အဲဒါဟာ လွယ်မှာမ ဟုတ်ကြောင်းအသိပေးခဲ့ပါတယ်။သူတို့အနေနဲ့ အကြာကြီးစောင့်နေရမှာ ဖြစ်ပြီး၊ ကလေးတကယ်ရမယ်လို့လည်း အာမခံချက်မရှိခဲ့ပါ။ မွေးစားဖို့ကလေးရမယ်ဆိုရင်လည်း ဆယ်ကျော်သက်အရွယ် ဖြစ်ကောင်းဖြစ်လိမ့်မယ်။

လအနည်းငယ်ကြာပြီးမှ၊ Stephanie အနေနဲ့ မိန်းကလေးကိုယ်ဝန်ဆောင်ခဲ့ပါတယ်။ နောက်သုံးနှစ်ကြာတဲ့အခါယောက်ျားလေးတစ်ယောက်မွေးဖွားခဲ့ပါတယ်။ ပြီးတော့ကိုးနှစ်ကြာတဲ့အခါမှာ၊ သူတို့ဇနီးမောင်နှံဟာ သူတို့ရဲ့ကလေးမွေးစားချင်တဲ့ အရာကိုပြန်သတိရခဲ့ကြပါတယ်။ ဒါပေမဲ့ ဘယ်သူလဲ။ ဘယ်တော့လဲ။ ဘယ်မှာလဲ။ ဘယ်လိုလဲ. . . .။

"ပြဿနာမရှိပါဘူး။ ကျွန်မဆုတောင်းလိုက်မယ်။ ကျွန်မတို့ ကလေးသွားရှာမယ့်အစား၊ ကျွန်မတို့ဆီမှာ မွေးစားရမယ့်ကလေးလေးရောက်လာဖို့အတွက် ဘုရားရှင်က လုပ်ဆောင်ပေးဖို့ ကျွန်မဆုတောင်းမယ်" ဆိုပြီး "စတက်ဖနီ" ကသူ့ခင်ပွန်းဆီမှာ ပြောခဲ့ပါတယ်။

"စတက်ဖနီ" အနေနဲ့ဆုတောင်းခဲ့ပါတယ်။ အဲဒီနောက်မှာ၊ အဲဒီအကြောင်းကို မေ့လျော့ခဲ့ပါတယ်။

ဥပုသ်နေ့တစ်နေ့မှာ၊ "စတက်ဖနီ"အနေနဲ့ အဲဒီနေ့မှာ ပထမအကြိမ်ဘုရားကျောင်း တက်တဲ့ညှော့်သည်တွေထံမှာသမ္မာကျမ်းစာသင်ပေးဖို့ ကမ်းလှမ်းခဲ့မိပါတယ်။

အမျိုးသမီးကလည်း သဘောတူခဲ့ပြီးတော့၊ "ကျွန်မတို့အိမ်မှာလာပါ။ ကျွန်မဟာ ကလေးဆယ်ယောက်ရဲ့အမေဖြစ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

တကယ့်တကယ်တော့ အဲဒီအမျိုးသမီးဟာ မိဘမဲ့ကလေးတွေထိန်းကျောင်းတဲ့နေရာမှာ ကြည့်ရှုပြုစုသူတစ်ဦးဖြစ်ပါတယ်။ အဲဒီမိဘမဲ့ကလေးတွေ ထိန်းရာနေရာမှာ

၁၅အိမ်သာရှိပြီး၊ အိမ်တိုင်းမှာ ကလေးဆယ်ယောက်ရှိပါတယ်။ ကြည့်ရှုပြုစုသူတစ်ဦးက အိမ်တိုင်းအိမ်တိုင်းကို ကြီးကြပ်အုပ်ချုပ်ခဲ့ပါတယ်။

"စတက်ဖနီ" အနေနဲ့ အဲဒီမိဘမဲ့ကလေးတွေထိန်းရာအိမ်မှာ သွားရောက်ပြီး၊ ကြည့်ရှုပြုစုသူနဲ့ သူ့ကလေးဆယ်ယောက်တို့ကို သမ္မာကျမ်းစာသင်ပေးခဲ့ပါတယ်။ အဲဒီ ကြည့်ရှုပြုစုသူအနေနဲ့ သူ့စိတ်နှလုံးသားကို သခင်ယေရှုထံမှာ ဆက်ကပ်ခဲ့ပြီး၊ ရေနှစ်ခြင်း ခံခဲ့ပါတယ်။

မိဘမဲ့ကလေးထိန်းရာနေရာရဲ့ ညွှန်ကြားရေးမှူးအနေနဲ့ ကြည့်ရှုပြုစုသူနဲ့ သူ့လုပ်ငန်းပေါ်မှာ သမ္မာကျမ်းစာသင်ပေးမှုက ထိရောက်မှုဖြစ်စေတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့ မိဘမဲ့ကလေးထိန်းတဲ့ အခြား ၁၄ အိမ်မှာလည်း သမ္မာကျမ်းစာသင်ပေးဖို့အတွက် "စတက်ဖနီ" ထံမှာ တောင်းဆိုခဲ့ပါတယ်။ "စတက်ဖနီ" အနေနဲ့ အဲဒီ တောင်းဆိုမှုကို သူ့ရဲ့အသင်းတော်ဘုတ်အဖွဲ့မှာ တင်ပြခဲ့ပြီး၊ အသင်းတော်က အဲဒီ ၁၄ အိမ်သို့အသင်းသားတွေကိုစေလွှတ်ခဲ့ပါတယ်။ "စတက်ဖနီ"အနေနဲ့ အိမ်နံပါတ် ၇ မှာ တာဝန်ကျခဲ့ပါတယ်။

အသက် ၁၁ နှစ်အရွယ်ရှိတဲ့ Michelle ဟာအိမ်နံပါတ် ၇ မှာနေထိုင်ပါတယ်။

ပထမနေ့ကစပြီး၊ "မီချဲလီး" က "စတက်ဖနီ" ရဲ့အာရုံစိုက်မှုကို ဆွဲဆောင်ခဲ့ပါတယ်။ သူမအနေနဲ့"စတက်ဖနီ"ရဲ့အိတ်ကို ထမ်းပေးခဲ့ပါတယ်။ သူမအနေနဲ့ အာရုံစိုက်တတ်လာပြီး၊ သမ္မာကျမ်းစာသင်ယူရာမှာ ပါဝင်ခဲ့ပါတယ်။ အဲဒီအမျိုးသမီးနဲ့မိန်းကလေးတို့ဟာ ခိုင်မြဲစွာ ဆက်ဆံပြောဆိုခဲ့ကြပါတယ်။

မိဘမဲ့ကလေးထိန်းရာကနေ ခွင့်ပြုချက်နဲ့"စတက်ဖနီ" ဟာ "မီချဲလီး" ကိုတရားပွဲသို့ခေါ်ဆောင်ခဲ့ပြီး၊ သူမကရေနှစ်ခြင်းခံယူခဲ့ပါတယ်။ ပြီးတော့၊ မိန်းကလေးက "ကျွန်မကို ဘာဖြစ်လို့မမွေးစားရတာလဲ" ဆိုပြီး မေးခဲ့ပါတယ်။

"စတက်ဖနီ" အနေနဲ့၊ "သူ့ကို ဘာဖြစ်လို့မမွေးစားမိရတာလဲ" ဆိုပြီး စဉ်းစားခဲ့ပါတယ်။ အိမ်မှာ အဲဒီတောင်းဆိုမှုကို သူ့ခင်ပွန်းထံ သူမကပြန်ပြောပြခဲ့မိပါတယ်။ သူတို့ဇနီးမောင်နှံအနေနဲ့ သူတို့မွေးစားဖို့ဆုတောင်းတဲ့ကလေးဟာ 'မီချဲလီး' ဖြစ်ပါ့မလားလို့ စဉ်းစားခဲ့ကြပါတယ်။ အတည်ပြုဖို့အတွက် ဘုရားရှင်ကို သူတို့ မေးခဲ့ကြပါတယ်။

ပြီးတော့မှ 'စတက်ဖနီ' အနေနဲ့လွန်ခဲ့တဲ့လေးနှစ်တုန်းက 'မီချဲလီ' ကိုမဆုံတွေ့ခင်မှာ သူ့အတွေ့အကြုံတစ်ခုကိုသတိရခဲ့မိပါတယ်။ သူမက အမျိုးသမီးတစ်ဦးကို၊ ဘုရားကျောင်းမှာ သူ့ကိုယ်တိုင်ရဲ့သက်သေခံချက်ကို ဝေငှဖို့ခေါ်ဖိတ်ခဲ့ပါတယ်။ အဲဒီအမျိုးသမီးက ကွဲပြားခြားနားတဲ့ အသင်းတော်တွေမှာ သူ့ရဲ့ဖြစ်ရပ်မှန်ဝတ္ထုဖြစ်တဲ့ ထောင်ကျမှု၊ လူမှုရေးလုပ်ငန်းမှာ ကလေးခြောက်ယောက်ဆုံးရှုံးမှုနဲ့၊ ထောင်ထဲမှာ မြော်လင့်ခြင်းရေဒီယိုအစီအစဉ်ကို နားထောင်ပြီးမှ မြော်လင့်ခြင်းအသင်းသားဖြစ်လာပုံကို ပြောပြဖို့

သွားပြီး လည်ပတ်ခဲ့ပါတယ်။ အဲဒီအမျိုးသမီးက 'စတက်ဖနီ' ရဲ့အသင်းတော်မှာသူ့အ တွေ့အကြုံကို မပြောခဲ့ပါ။ 'စတက်ဖနီ' အနေနဲ့လည်းသူမနဲ့ အဆက်အသွယ်မရှိ တော့ပါ။

ယခုအချိန်မှာ၊ 'စတက်ဖနီ' အနေနဲ့အဲဒီအမျိုးသမီးအပေါ်မှာ ဘာဖြစ်ပျက်ခဲ့သ လဲဆိုတာ စူးစမ်းလေ့လာမိခဲ့ပါတယ်။သူမအနေနဲ့လူမှုရေးမီဒီယာအပေါ်မှာ ကြည့် လိုက်တဲ့အခါ၊ အဲဒီအမျိုးသမီးဟာ မြော်လင့်ခြင်းအသင်းတော်ကနေ ထွက်ခဲ့ကြောင်း တွေ့မြင်ခဲ့ရပါတယ်။ သူမက အမျိုးသမီးကဏ္ဍကိုကြည့်ရင်းနဲ့ အဲဒီအမျိုးသမီးက 'My Baby' လို့ ရေးတဲ့စာသားကို 'မီချဲလီး' ရဲ့ဓာတ်ပုံပေါ်မှာ သူမြင်တွေ့ခဲ့မိပါတယ်။

'စတက်ဖနီ' ဟာအရမ်းတုန်လှုပ်ခဲ့ပါတယ်။ အဲဒီအမျိုးသမီးဟာ မိဘမဲ့ကလေး တွေထိန်းတဲ့နေရာမှာ 'မီချဲလီး' ရဲ့အမေဖြစ်ပါတယ်။

နောက်တစ်ပတ်မှာ၊ 'စတက်ဖနီ' အနေနဲ့ အိမ်နံပတ်(၇)က မွေးနေ့ညည့်ခံပွဲမှာ 'မီချဲလီး' ကိုတွေ့ခဲ့ရပါတယ်။ ညည့်ခံပွဲအတောအတွင်းမှာ 'မီချဲလီး' က 'စတက်ဖနီ' ရဲ့ဖုန်းကို ခဏသုံးပြီး၊ အွန်လိုင်းကနေ သူ့အမေဓာတ်ပုံကိုပြခဲ့ပါတယ်။ သူမဟာ 'စတက်ဖနီ' က သူ့အသင်းတော်မှာ သက်သေခံဖို့ခေါ်ဖိတ်ခဲ့တဲ့ အမျိုးသမီးဖြစ်ပါတယ်။

'စတက်ဖနီ' အနေနဲ့သူ့မိသားစုမှာ 'မီချဲလီး' ကို မွေးစားဖို့ သခင်ဘုရားက ပို့ဆောင်တယ်ဆိုတာ လက်ခံယုံကြည်ခဲ့ပါတယ်။

'စတက်ဖနီ' က မိဘမဲ့ကလေးထိန်းတဲ့နေရာက ညွှန်ကြားရေးမှူးနဲ့မွေးစား မှုကိစ္စကို ဆွေးနွေးခဲ့ကြပါတယ်။ မိဘမဲ့ကလေးထိန်းရာနေရာမှာ အရင်တစ်ခေါက် လာတုန်းက 'မီချဲလီး' ရဲ့အမေဟာ ကျွန်မရဲ့လူမှုရေးမီဒီယာ သူငယ်ချင်းဖြစ်နေတာ မသိခဲ့ဘူးလို့၊ ညွှန်ကြားရေးမှူးဆီမှာပြောပြခဲ့ပါတယ်။ 'မီချဲလီး' က သူ့အမေကို အဆက်အသွယ်မလုပ်တော့ဘူးဆိုရင် ပြဿနာရှိမှာမဟုတ်ဘူးလို့ ညွှန်ကြားရေးမှူးအ နေနဲ့ 'စတက်ဖနီ' ကို အခိုင်အမာပြောဆိုခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ၊ 'မီချဲလီး' ဟာ သူ့အိမ်အသစ်မှာ ရွှေ့ပြောင်းခဲ့ပါတယ်။ သူ့အသက်ဟာ၁၂နှစ်ရှိပြီးတော့၊ တရားဝင်မွေးစားဖို့အတွက် နောက်(၄)နှစ် စောင့်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ သူမဟာအိမ်မှာအမြဲရှိနေပါတယ်။

ယခုအချိန်မှာ 'စတက်ဖနီ' ရဲ့အလိုဆန္ဒပြည့်စုံပြီဖြစ်လို့ သူမဟာအရမ်း ပျော်ရွှင်ခဲ့ပါတယ်။ သူမအနေနဲ့ဇီဝဗေဒနည်းနဲ့ ကလေးနှစ်ယောက်ရရှိခဲ့ပြီး၊ မွေးစား သမီးတစ်ယောက်ရရှိခဲ့ပါပြီ။

ဒီကမ္ဘာ့သာသနာသတင်းက 'ကော့စတာရီကာ' နိုင်ငံက လူတွေရဲ့အသက်တာ နဲ့စိန်ခေါ်မှုတွေကို စီစဉ် တင်ဆက်ပေးနေတာဖြစ်ပါတယ်။

ဒီ ၁၃ ပတ်ရဲ့ ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် 'ကော့စတာ ရီကာ' နိုင်ငံမှာ မိဘမဲ့ကလေးတွေအပါအဝင်၊ အရက်နဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆုံးရှုံးမှုနဲ့

ရင်ဆိုင်နေရတဲ့ကလေးတွေထံမှာ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာကို ဝေငှ သက်သေခံမယ့်၊ ဩဇာလွှမ်းမိုးမှုဌာနတစ်ခုကို တည်ထောင်ဖွင့်လှစ်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့မှာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ရက်ရောစွာလှူဒါန်းထည့်ဝင်ဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## "၁၃ ပတ်ဥပုသ်တော်နေ့အစီအစဉ်"

နှုတ်ခွန်းဆက်စကား -
အဖွင့်သီချင်း - "မင်္ဂလာမိုးသွန်းလောင်းရွာမည်ကျူး"
မြန်မာ-၄၈၊ CH-652
ပအဖွင့်ဆုတောင်း -
အစီအစဉ် - "ဧည့်သည်တစ်ဦးနဲ့ အိပ်မက်တစ်ခု"
အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "မုန်တိုင်းကျစဉ်တွင် ခိုလှုံရာကျူး" မြန်မာ-၂၂၀ CH-585

## "ဧည့်သည်တစ်ဦးနဲ့ အိပ်မက်တစ်ခု"

စက်တင်ဘာလ(၂၈)ရက်၊ တင်ပြသူ-Erickson, ကော့စတာရီကာနိုင်ငံ၊
(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်. . . )

'အီရစ်စန်' ဆီမှာ လူအနည်းငယ်ပဲကြားခဲ့တဲ့ ဖြစ်ရပ်မှန်ဝတ္ထုတစ်ခုရှိပါတယ်။ သူ့ဖြစ်ရပ်မှန်ဝတ္ထုကို သူ့အမေဆီမှာ၊အချို့တဝက်ကို သူ့ဇနီးဆီမှာ၊ အကုန်လုံးသူပြောပြခဲ့ပါတယ်။ ကွယ်လွန်ခဲ့တဲ့သူ့အဖေနဲ့ ငယ်သေးတဲ့ သူ့သမီးသုံးယောက်က၊ သူ့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုကို တစ်ခါမှမကြားခဲ့ဘူးပါ။

'ကော့စတာရီကာ' နိုင်ငံမှာ ပါစတာတစ်ဦးနဲ့ မြော်လင့်ခြင်းအသင်းတော်ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ 'အီရစ်စန်' ဟာ၊ လူတွေက သူ့ကိုမယုံမှာကြောက်လို့ သူ့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုကို ပြန်ပြီးဝေငှဖို့ တွန့်ဆုတ်နေခဲ့ပါတယ်။ ဒါပေမဲ့ မြော်လင့်ခြင်းသာသနာလုပ်ငန်းဌာနက 'ကော့စတာရီကာ' နိုင်ငံမှာ ဒီတတိယကွာတာအတွက် ဖြစ်ရပ်မှန်ဝတ္ထုတွေစုဆောင်းရာမှာ၊ ကူညီရင်းနဲ့ယုံရခက်တဲ့သက်သေခံချက်တွေကို ကြားနာခဲ့ရပြီးတဲ့နောက်၊ သူ့ရဲ့ဖြစ်ရပ်မှန်ဝတ္ထုကို မြော်လင့်ခြင်းသာသနာဌာနမှာ သူပြောပြခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီဥပုသ်တော်နေ့မှာ သူ့ရဲ့ဖြစ်ရပ်မှန်ဝတ္ထုရှိသမျှအားလုံးကို သင်တို့ ကြားနာရမှာဖြစ်ပါတယ်။ ဒီဖြစ်ရပ်မှန်ဝတ္ထုက သူ့အသက်တာကို ပြောင်းလဲစေခဲ့ပြီး၊ သူ့ကိုမြော်လင့်ခြင်းအသင်းသားတစ်ဦး ဖြစ်လာစေခဲ့ပါတယ်။

'အီရစ်စန်' ကြီးပြင်းလာခဲ့တဲ့ Guatemala မြို့ငယ်မှာ၊ အစိုးရကျောင်းနဲ့ မြော်လင့်ခြင်းအသင်းတော်ကျောင်းပဲ ရှိခဲ့ပါတယ်။

အဖေက 'အီရစ်စန်' ကို ပထမတန်းတက်ဖို့ အစိုးရကျောင်းမှာ ကျောင်းပို့ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကျောင်းဆရာကိုတစ်နှစ်လုံးလုံးမတွေ့ခဲ့ပါ။ ကျောင်းဆရာဟာ သင်တန်းတက်နေတယ်လို့ ကျောင်းအုပ်ကြီးကရှင်းပြခဲ့ပါတယ်။ ကျောင်းအုပ်ကြီးက တကြိမ်ကြိမ်မှာ ပထမတန်းအတန်းထဲသို့ ဝင်လာပြီးတော့ အိမ်စာလာပေးခဲ့ပါတယ်။ အဲဒါကိုတနှစ်လုံးဖတ်ဖို့နဲ့၊ ဂဏန်းသင်္ချာနဲ့စာလုံးပေါင်းတတ်ဖို့ ဘယ်သူကမှ မသင်ပေးခဲ့ပါ။ ကံအားလျော်စွာဖြင့်၊ 'အီရစ်စန်' အနေနဲ့ အဲဒီဘာသာတွေကို သူငယ်တန်းမှာ သင်ယူခဲ့ရလို့ အိမ်စာကိုအပြည့်အစုံလုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့အတန်းဖော်အများကြီးက ပထမတန်းမအောင်ခဲ့ပါ. . .။

အဖေအနေနဲ့ အစိုးရကျောင်းရဲ့စနစ်ကို မနှစ်မြို့ခဲ့လို့ သူ့သားကို ဒုတိယတန်းတက်ဖို့ မြော်လင့်ခြင်းအသင်းတော်ကျောင်းသို့ ရွှေ့ပြောင်းခဲ့ပါတယ်။ အဲဒီကျောင်းဟာ သခင်ဘုရားအကြောင်းကို သင်ယူတဲ့နေရာဖြစ်ပါတယ်။

ညအိပ်တော့မယ့်အချိန်မှာ 'အီရစ်စန်' အနေနဲ့ သူ့ကုတင်ဘေးမှာ ဆုတောင်းဖို့ဒူးထောက်ခဲ့ရပါတယ်။

"သခင်ဘုရား၊ ကျွန်တော့အသက်တာမှာ ကောင်းတဲ့ဆုံးဖြတ်ချက်တွေကို ချနိုင်ဖို့မစတော်မူပါ။ ကျောင်းမှာ ကျွန်တော့်ကို မစသနားတော်မူပါ။ အထူးသဖြင့် ကျွန်တော့်မိသားစုနဲ့ ကျွန်တော့အဖေကိုမစတော်မူပါ" ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

ဒီမိသားစုဟာ ဆင်းရဲခဲ့ပါတယ်။ အဖေကအိမ်နဲ့ဝေးရာမှာ ဘတ်စ်ကားမောင်းခဲ့တော့၊ 'အီရစ်စန်'ကို နေ့တိုင်းအချိန်အနည်းငယ်ပဲ တွေ့ခဲ့ရပါတယ်။ အဖေဟာ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာရှိတဲ့ 'အီရစ်စန်' ကိုကျောင်းလခပေးနိုင်အောင် ငွေရှာခဲ့ရပါတယ်။

'အီရစ်စန်' အနေနဲ့ ညမှာဆုတောင်းရင်း၊ သူ့အဖေကိုတွေ့ခြင်တဲ့ဆန္ဒ တွေပြင်းပြခဲ့ပါတယ်။

"ကျွန်ုပ်တို့မိသားစုရဲ့ လိုအပ်ချက်အတွက်၊ ပိုက်ဆံပိုရနိုင်အောင် ဘတ်စ်ကားနဲ့ အဖေ့ကို ကာကွယ်စောင့်ရှောက်တော်မူပါ" အာမင်. . . ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

တစ်ညမှာ၊ 'အီရစ်စန်' ရဲ့ အသက်၁၂နှစ်အရွယ်ရောက်တဲ့အခါ၊ သူဆုတောင်းပြီးတဲ့နောက် အမှောင်ထဲမှာသူ့ကုတင်ပေါ်မှာဆွဲဆန့်ခြင်းခံခဲ့ရပါတယ်။ သူမျက်စိမပွင့်ပေမယ့်၊ အမှောင်ထဲမှာ ဘာတစ်ခုမှမတွေ့ခဲ့ရပါ။

ချက်ချင်းပဲ၊ သူ့ခေါင်းအထက်က မျက်နှာကြက်ပေါ်မှာ မတောက်ပတဲ့အလင်းတစ်ခုပေါ်လာပါတယ်။ အဲဒါဟာ မီးလုံးကအလင်းမဟုတ်ပါ။ 'အီရစ်စန်' ဆုမတောင်း

ခင်လေးမှာ မီးပိတ်ခဲ့ပါတယ်။ အလင်းကတစ်ခန်းလုံးကိုလင်းထိန်စေခဲ့ပါတယ်။ 'အီရစ်စန်' အနေနဲ့ မကြောက်လန့်ပဲ၊ ငြိမ်သက်မှုကို ရရှိခံစားခဲ့ရပါတယ်။

ချက်ချင်းပဲ၊ အလင်းကနေကြမ်းပြင်ပေါ်မှာ စိတ်ဝင်စားမှုကိုပြတဲ့၊ လူတစ်ယောက်ရုတ်တရက် တဟုန်ထိုးရွှေ့ခဲ့ပါတယ်။ 'အီရစ်စန်' အနေနဲ့ လက်မောင်းတွေ၊ ခြေထောက်တွေ၊ကိုယ်ခန္ဓာတစ်ခုနဲ့ ခေါင်းတစ်လုံးသာ မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမယ့်၊ သူက မျက်စိ၊ နှာခေါင်း၊ နားရွက်ကိုတော့ မမြင်ခဲ့ရပါ။ ခေါင်းမှာ မစူးတဲ့အလင်းက ဝိုင်းရံထားပါတယ်။ အဲဒီလူဟာ'အီရစ်စန်' ဆုတောင်းတဲ့ ကုတင်နားမှာပဲ ဒူးထောက်နေခဲ့ပါတယ်။ သူ့လက်နှစ်ဖက်ကိုပူးပြီး ဦးညွှတ်ခဲ့ကြပါတယ်။

'အီရစ်စန်' အနေနဲ့ စောင့်ကြည့်ခဲ့ပြီး၊ ဆက်ပြီး ဘာဖြစ်မလဲဆိုတာ အံ့သြနေမိပါတယ်။

'အီရစ်စန်' ရဲ့ ဆုတောင်းမှုဟာ ခါတိုင်းငါးမိနစ်သာကြာခဲ့ပေမယ့်၊ အဲ့ဒီလူရဲ့ ဆုတောင်းမှုက တစ်မိနစ်ကျော်ကျော်လောက်ပဲ ကြာခဲ့ပါတယ်။ ပြီးတော့ သူမတ်တတ်ထခဲ့ပြီး၊ သူ့လက်တစ်ဖက်ကို 'အီရစ်စန်' ရဲ့ခေါင်းပေါ်မှာတင်ခဲ့ပြီး၊ အခြားလက်တစ်ဖက်ကို သူ့ရင်ဘတ်ပေါ်မှာ တင်ခဲ့ပါတယ်။ 'အီရစ်စန်' ရဲ့ စိတ်နှလုံးထဲမှာ ပျော်ရွှင်မှုတွေခံစားခဲ့ရပါတယ်။ သူ့အနေနဲ့ သခင်ယေရှုကို မြင်တွေ့နေရသလို ခံစားခဲ့ရပါတယ်။

အဲဒီလူက ဘာတစ်ခုမှ မပြောခဲ့ပါ။ ယောကျ်ားလေးရဲ့ ခေါင်းနဲ့ရင်ဘတ်ကို ထိတွေ့ပြီးတဲ့နောက်၊ စက္ကန့်အနည်းငယ်အတွင်းမှာ သူဟာ မတောက်ပတဲ့ အလင်းပုံစံနဲ့ ပြောင်းလဲသွားပြီး၊ မျက်နှာကြက်ပေါ်မှာတော့ တောက်ပနေခဲ့ပါတယ်။ ပြီးတော့မှအလင်းပျောက်ကွယ်သွားပြီး အိပ်ခန်းထဲမှာ မှောင်သွားခဲ့ပါတယ်။

'အီရစ်စန်' အနေနဲ့ အိပ်ခန်းထဲမှာ ငြိမ်သက်မှုကို ခံစားခဲ့ရပြီး၊ အမြန်အိပ်ပျော်သွားခဲ့ပါတယ်။

နောက်တစ်နေ့မှာ၊ 'အီရစ်စန်' အနေနဲ့ သူ့အတွေ့အကြုံကို အမေ့ဆီမှာပြောပြခဲ့ပါတယ်။ အရင်တုန်းကထက်သခင်ယေရှုနဲ့ ပိုပြီးနီးကပ်ခဲ့တယ်လို့ ခံစားရပါတယ်။

ဒါပေမဲ့ အဲဒါဟာ ဖြစ်ရပ်မှန်ဝတ္ထုရဲ့ အဆုံးမဟုတ်သေးပါ။

လအတော်ကြာပြီးတဲ့နောက်မှာ 'အီရစ်စန်' က ဥပုသ်တော်နေ့နဲ့ပတ်သက်တဲ့ အိပ်မက်တစ်ခုမက်ခဲ့ပါတယ်။ ကလေးဘဝက တနင်္ဂနွေနေ့မှာ၊ သူဟာဘုရားကျောင်းတက်ခဲ့ပြီး၊ သူ့အဖေစိတ်ကျေနပ်အောင် ဘုရားကျောင်းလည်းဆက်တက်ခဲ့ပါတယ်။ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်းတက်တဲ့အခါ၊ ဥပုသ်တော်နေ့တိုင်း ဘုရားကျောင်းတက်ရပါတယ်။

အိပ်မက်ထဲမှာ၊ 'အီရစ်စန်' ရဲ့အဖေဟာ ဝတ်ပြုချိန်တစ်လျှောက်လုံး မတ်တတ်ရပ်နေတာတွေ့ခဲ့ရပါတယ်။ ချက်ချင်းပဲဘုရားကျောင်းရဲ့ နံရံမှာ တန်းစီနေတဲ့ သူတော်စင်တွေရဲ့ရုပ်ထုတွေဟာ ရွေ့လျားနေပါတယ်။ သူတို့ရဲ့လက်မောင်းတွေ၊ ခြေထောက်တွေလည်း ရွေ့လျားနေပါတယ်။ သူတို့ဟာရယ်မောနေကြပြီး၊ ဘုရားကျောင်းထဲက တုန်လှုပ်ခြောက်ချားနေတဲ့ယောက်ျားလေးကို မောင်းထုတ်ခဲ့ကြပါတယ်။ 'အီရစ်စန်' အနေနဲ့ ဘုရားကျောင်းထဲက တစ်ခြားဝတ်ပြုနေတဲ့လူတွေကိုတွေ့မြင်လို့ရခဲ့ပြီး၊ သူတို့အပေါ်မှာတော့ ဘာတစ်ခုမှ အမှားလုပ်တာမရှိခဲ့ပါ။ ပုံမှန်အတိုင်းသူတို့ရှိနေကြပါတယ်။

ရုတ်ခနဲ 'အီရစ်စန်' အနေနဲ့ ဘုရားကျောင်းရဲ့တံခါးပေါက်မှာ အလင်းရောင်မှိန်မှိန်လေးကိုတွေ့မြင်လိုက်ရပါတယ်။ အဲဒီအလင်းဟာ လွန်ခဲ့တဲ့လများစွာတုန်းက သူ့အိပ်ခန်းထဲမှာ တွေ့မြင်ခဲ့ရတဲ့ အလင်းလိုပါပဲ. . . . ။

'အီရစ်စန်' အနေနဲ့ သက်သာရာရခဲ့ပါတယ်။ သခင်ယေရှုဟာ သူ့အနားမှာရှိနေခဲ့ပြီး လမ်းခရီးမှာ မစပို့ဆောင်နေတယ်လို့ သိမြင်ခံစားခဲ့ရပါတယ်။

နောက်ပြီးတော့၊ 'အီရစ်စန်' ရဲ့အိပ်ခန်းထဲမှာ ဆုတောင်းနေတဲ့အဲဒီလူဟာ ဘုရားကျောင်းတံခါးပေါက်၊ အလင်းထဲကနေ ပေါ်ထွက်လာခဲ့ပါတယ်။ သူက ယောက်ျားလေးကို လက်နဲ့ကိုင်ဆွဲပြီးတော့၊ ဘုရားကျောင်းရဲ့ အပြင်ဖက်သို့ လမ်းပြပို့ဆောင်ခဲ့ပါတယ်။ ယောက်ျားလေးအနေနဲ့ လက်မောင်းတွေ၊ ခြေထောက်တွေ၊ ကိုယ်ခန္ဓာတစ်ခုနဲ့ ခေါင်းတစ်လုံးကိုသာပြန်တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ မျက်နှာကတော့ ထင်ရှားစွာ မမြင်ရပါ။ နောက်တစ်ခါ အပြင်ဖက်မှာလည်း၊ အဲဒီလူဟာ 'အီရစ်စန်' နဲ့ ဘုရားကျောင်းရဲ့ကြားထဲမှာ မတ်တတ်ရပ်နေခဲ့ပါတယ်။ သူ့အနေနဲ့ စကားတစ်ခွန်းမှမပြောခဲ့ပါ။ အဲဒီအစား၊ ဘုရားကျောင်းဖက်ကို သူဟာလက်ညှိုးထိုးလိုက်ပြီး၊ ဘုရားကျောင်းကို လှုပ်ခါလိုက်ပါတယ်။ အဲဒီဘုရားကျောင်းမှာ ယောက်ျားလေးက ဘယ်တော့မှဝတ်မပြုတော့ရန် သတိပေး တားမြစ်ခဲ့ပါတယ်။

နောက်တစ်နေ့မနက်မှာ၊ 'အီရစ်စန်' အနေနဲ့ သူ့အိပ်မက်ကို အမေ့အား မပြောရဲခဲ့ပါဘူး။ သူ့အမေကလည်း အိပ်မက်ကိုအဖေ့ဆီ ပြောပြမှာ အရမ်းစိုးရိမ်ခဲ့ပါတယ်။ အဖေဟာ သူ့ကို ခရစ်ယာန်ဘုန်းကြီးတစ်ပါးဖြစ်စေချင်ပြီး၊ အဖေ့ရဲ့တုံ့ပြန်မှုအတွက် သူကြောက်နေခဲ့ပါတယ်။

ဒါပေမဲ့ အိပ်မက်မက်ခဲ့တဲ့နောက်ပိုင်းမှာတော့၊ 'အီရစ်စန်' အနေနဲ့ တနင်္ဂနွေနေ့မှာဘယ်တော့မှဝတ်မပြုခဲ့ပါ။ သူ့အနေနဲ့ ဖြောင့်မတ်တဲ့လမ်းကြောင်းပေါ်မှာ သခင်ယေရှုက သူ့ကိုလမ်းညွှန်နေတယ်လို့၊ သိမြင်ခံစားခဲ့ရပြီး ကိုယ်တော့နောက်သို့

သူလိုက်ချင်မိတယ်။ ခရစ်စမတ်နေ့နဲ့ အီစတာ နေ့မှာပဲဘုရားကျောင်းသွားခဲ့တဲ့အဖေက သူ့အသင်းတော်မှာ ဘုရားကျောင်းတက်ဖို့ ယောကျ်ားလေးကို ဘယ်တော့မှ မတောင်း ဆိုခဲ့ပါ။

အိပ်မက်မက်ပြီးမှ တစ်နှစ်ကြာတဲ့အခါ၊ 'အီရစ်စန်' အနေနဲ့ သူ့နှလုံးသားကို သခင်ယေရှုထံဆက်ကပ်ဖို့ စိတ်ဆုံးဖြတ်ပြီး ရေနှစ်ခြင်းခံယူခဲ့ပါတယ်။ သတ္တမနေ့ မြော်လင့်ခြင်းအသင်းတော်ထဲမှာ သူဝင်တဲ့အခါ သူ့အသက်ဟာ ၁၃ နှစ်ရှိပါပြီ။

ယခုအချိန်မှာ၊ 'အီရစ်စန်' ဟာ သူ့ဇာတိဖြစ်တဲ့ 'ကော့စတာရီကာ' နိုင်ငံမှာ ပါစတာတစ်ဦးနဲ့ ရပ်ဝေးသာသနာလုပ်ငန်းကို အုပ်ချုပ်ကြီးကြပ်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်နေပါပြီ. . . ။

အထူးသဖြင့် ကလေးတွေနဲ့ လူငယ်တွေ၊ ဒီနေ့ ၁၃ ပတ်အလှူငွေအားဖြင့် အကျိုးသက်ရောက်မှုလက်ခံရရှိတဲ့လူတွေအပါအဝင်၊ သူတို့ရဲ့စိတ်နှလုံးသားကို သခင်ဘုရားက စိတ်ဝင်တစား ရှာဖွေနေတယ်ဆိုတာ လူတွေကို သူ့အနေနဲ့ သိရှိစေချင် ပါတယ်။

ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် 'ကော့စတာ ရီကာ' နိုင်ငံမှာ အရက်နဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆုံးရှုံးမှုနဲ့ရင်ဆိုင်နေရတဲ့ ကလေးတွေထံမှာ၊ သခင်ယေရှုရဲ့ ချစ်ခြင်းမေတ္တာကို ဝေငှသက်သေခံမှာဖြစ်တဲ့အပြင်၊ ဩဇာလွှမ်းမိုးမှုဌာနတစ်ခု ဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါ တယ်။ တစ်ခြား ၁၃ ပတ် ဥပုသ်တော်နေ့စီမံကိန်းတွေကတော့ ကိုလံဘီယာနိုင်ငံမှာ မူးယစ်ဆေးဝါးစွဲနေတဲ့ ကလေးတွေထံအရောက်လှမ်းနိုင်ဖို့ ဩဇာလွှမ်းမိုးမှုဌာန (၂)ခု၊ 'မက်ခ်စီကို' နိုင်ငံက အထက်တန်းစားလူတွေထံအရောက်မီနိုင်ဖို့ ဩဇာလွှမ်းမိုးမှုဌာန (၂)ခုနဲ့ 'ဒိုမီနီကာ'နိုင်ငံမှာ ကြီးမားတဲ့ အခြေခံမူလတန်းကျောင်းတစ်ဆောင် တည် ဆောက်ရန်အတွက် ဖြစ်ပါတယ်။

ဒီနေ့ စက်တင်ဘာလ ၂၈ ရက်နေ့ ဥပုသ်တော်နေ့မှာ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေကို သခင်တို့အနေနဲ့ရက်ရက်ရောရောလှူဒါန်းကြတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။

-၀-